# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့်အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ စနေနေ့။ Saturday, 25 January 2025 ၁၁၇၁၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**နိုင်ငံရေးနည်းလမ်းမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြသူများ၏ စကားသံများ**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၅



**အများပြည်သူလူထုခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် သာစည်-ရွှေညောင်ရထားလမ်းပိုင်းအတွင်း အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန် လူစီးရထားနှင့် အောင်ပန်း-ကလော၊ ကလော-မြင်းခြံ Tour Train (RGC) ရထားများ ပြန်လည်ပြေးဆွဲပေးမည်**

စာမျက်နှာ » ၉

**စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ်ဓာတ်ဆီ (RON 68) အား အသုံးပြုရန်သင့်လျော်သည့် မော်တော်ယာဉ်များသို့ ရောင်းချပေးသွားမည်**

စာမျက်နှာ » ၁၆




ပွင့်ဖြူမြို့နယ်အတွင်းရှိ သီးနှံစိုက်ကေများသို့ မဲဇလီရေလွှဲဆည်မှ ရေပေးဝေနေမှုကို တွေ့ရစဉ်။

## ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် နွေနှမ်းဧက နှစ်သောင်းကျော် စိုက်ပျိုးသွားမည်

ပွင့်ဖြူ ဇန်နဝါရီ ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရေးအတွက် မဲဇလီရေလွှဲဆည်ရေဖြင့် နွေနှမ်းစိုက်ဧက နှစ်သောင်းကျော် လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် ဒေသတွင်း စားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆည်ရေ၊ လျှပ်စစ်ရေတင်စနစ်နှင့် မြေအောက်ရေတို့ကို အကျိုးရှိစွာ အသုံးချပြီး မြေပဲ၊ နှမ်း၊ နေကြာသီးနှံနှင့် ပန်းနှမ်းတို့ကို တစ်နှစ်ပတ်လုံး အားထားစိုက်ပျိုးကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖





ကြေးမုံ

# ပြည်ထောင်စုကိုကာကွယ်စောင့်ရှောက် နိုင်ငံချစ်သည့်နိုင်ငံသားအားလုံးပါဝင်

မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီ သမိုင်းစဉ်တစ်လျှောက်၌ အမြော်အမြင်ကြီးမားသည့် တိုင်းပြည်ခေါင်းဆောင်များ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူများ အတူပူးပေါင်းလက်တွဲပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့ရာ ယနေ့ထက်တိုင် နိုင်ငံတော်ကြီးတည်တံ့ဖြစ်ထွန်းလျက်ရှိသည်။ နယ်ချဲ့လက်အောက်ကျရောက်ခဲ့စဉ်ကလည်း တိုင်းရင်းသားပြည်သူအားလုံး တစ်စိတ်တစ်ဝမ်းတည်း နယ်ချဲ့ကိုတွန်းလှန်နိုင်ခဲ့သည်။

မျက်မှောက်ကာလသည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြရမည့်အချိန်ကာလဖြစ်သည်။ တိုင်းပြည်တစ်ပြည်ကို နယ်ချဲ့တို့က ဝင်ရောက်ကျူးကျော်သည့်ကာလမဟုတ်တော့ဘဲ ကိုလိုနီနယ်ချဲ့လက်သစ်တို့က တိုင်းပြည်တစ်ပြည်၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသောကာလဖြစ်သည်။ တိုင်းပြည်တစ်ပြည်အတွင်းရှိ ပြည်သူများအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး၊ ဒေသအရေး စသည်တို့ကို သွေးခွဲလှုံ့ဆော်ပေးပြီး အချင်းချင်းမညီညွတ်ကြဘဲ တိုင်းပြည်ပြိုကွဲအောင် ဖန်တီးနေသည့်ကာလဖြစ်သည်။

နှစ်ပေါင်းရှည်ကြာဖန်တီးခဲ့သည့် ပြည်တွင်းသွေးထိုးလှုံ့ဆော်မှုအမျိုးမျိုးတို့ကိုအကြောင်းခံသည့် မညီညွတ်မှုများကြောင့် ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားပြီး ပဋိပက္ခများ၊ လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ အချင်းချင်းမညီညွတ်မှုကြောင့် တိုင်းပြည်မတည်ငြိမ်မှု၊ အုပ်ချုပ်ရေးယန္တရားမခိုင်မာမှု၊ ပြိုကွဲပျက်စီးမှုများဖြစ်သည့်အခါ ဘေးမှထိုင်ကြည့်ပြီး ဝမ်းမြောက်နေကြမည်မှာ ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် လက်ဝေခံများသာဖြစ်ကြပြီး ကြေကွဲပျက်စီးဆုံးရှုံးနစ်နာကြရမည်မှာ မိမိတို့၏ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်းဖြစ်ကြသည်ကို သတိပြုရမည်ဖြစ်သည်။

မိမိတို့မိသားစုအသိုက်အမြုံကြီးဖြစ်စေ၊ မိမိတို့မိသားစု ပြည်သူအချင်းချင်းဖြစ်စေ ထိခိုက်ပျက်စီးကြရသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ ရှောင်ဖယ်နေခြင်းနှင့် မကာကွယ်လိုခြင်းတို့သည် မိမိတိုင်းပြည်အပေါ် သစ္စာမဲ့ရာရောက်သလို ဤမြေတွင်နေသည့် နိုင်ငံသားတစ်ယောက်အနေဖြင့် တာဝန်ပျက်ကွက်ခြင်းပင်ဖြစ်သည်။ မိမိတို့ဘိုးဘွားဘီဘင်များ အသက်သွေးချွေးတို့ဖြင့် အရယူပေးခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်မှာ နိုင်ငံသူနိုင်ငံသားများအားလုံး၏ မွေးရာပါတာဝန်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ ယနေ့အချိန်ကာလအထိ နိုင်ငံတော်ကို အသက်သွေးချွေးပေးဆပ်ပြီး ကာကွယ်စောင့်ရှောက်ပေးနေသည်မှာ တပ်မတော်ဖြစ်သည်။ ယနေ့ကာလတွင် ဖြစ်ပေါ်လာသောအခြေအနေများအရ တပ်မတော်ကိုကူညီအားဖြည့်ပေးပြီး ကာကွယ်စောင့်ရှောက်ပေးနေသူများမှာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ ပြည်သူ့စစ်မှုထမ်းများဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ၎င်းတို့သည် တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးကြသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်သည်။ မိမိတို့တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်နေကြသူများဖြစ်သည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ သင်တန်းအမှတ်စဉ်(၉)ပင် ဖွင့်လှစ်နိုင်ပြီဖြစ်သည်။ စစ်ပညာများကို သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော၊ နိုင်ငံတော်နှင့် ပြည်သူအတွက် နိုင်ငံချစ်စိတ်ဖြင့် စွန့်လွှတ်စွန့်စားအသက်ပေးထမ်းဆောင်ခဲ့ကြသော နိုင်ငံ့သားကောင်းရတနာများကို အစဉ်အမြဲဦးညွှတ်လေးစားဂုဏ်ပြုနေမည်ဖြစ်သည်။ မိမိတို့၏ ဘိုးဘွားဘီဘင်များ အသက်ပေး၍ ရယူပေးခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာ ယနေ့နိုင်ငံသူနိုင်ငံသားများ၏တာဝန်ဖြစ်၍ ရှေ့တွင်တိုင်းပြည်တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် သားကောင်းရတနာများကို အသိအမှတ်ပြုဂုဏ်ပြုပြီး မိမိတို့လည်း နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးအတွက် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့အချိန်အခါတွင် ပြည်ထောင်စုကြီးပြိုကွဲပျက်စီးအောင်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ပြည်ပမှသွေးထိုးလှုံ့ဆော်မှုများနှင့် ပြည်တွင်းမှ အမျိုးသားသစ္စာဖောက်များ၏ ဖျက်ဆီးနှောင့်ယှက်မှုများ ပြုလုပ်နေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာဝပြောပြီး ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အရွယ်ရောက်သူ နိုင်ငံသူ နိုင်ငံသားတိုင်း နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## မုံရွာမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ



မုံရွာ ဇန်နဝါရီ ၂၄

မုံရွာမြို့တွင် ပန်းခင်းစီမံချက် အဆင့်(၃) ထပ်တိုးအစီအစဉ်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မုံရွာမြို့ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင်နှင့် တာဝန်ရှိသူများက ပြည်သူများထံ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက်ပေးအပ်ကြသည်။

ယနေ့အခမ်းအနားတွင် အသက် ၁၀နှစ်ပြည့် ကျား ၂၄ ဦး၊ မ ၂၄ ဦး၊ အသက် ၁၈နှစ်ပြည့် ကျားနှစ်ဦး၊ မနှစ်ဦး၊ ဟောင်းနွမ်းပျောက်ဆုံး ကျား၂၀၊ မ ၁၄ဦး၊ အသက် ၁၈နှစ်ပြည့် လဲလှယ် ကျားကိုးဦး၊ မငါးဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၀ကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ၂၄ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၇,၉၀၀ | ၆၁၅ | ၄,၈၆၂,၅၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၂၄၂ | ၇၅၀,၂၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၃ | ၂၅,၂၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၅၀၀ | ၉၂၅,၀၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၄၀၆ | ၁,၂၉၉,၂၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၆၃၀ | ၁,၀၃၉,၅၀၀ |
| AMATA | ၄,၀၀၀ | ၄,၁၀၀ | ၁၁၀ | ၄၄၁,၀၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၂၂၃ | ၇၂၄,၇၅၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၉)ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့၏ (၉)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး မွန်းလွဲပိုင်းတွင် (၉)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးကို ဗီယင်ကျန်းမြို့ရှိ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay LAKHAMPONG (ဗီလေး လက်ခမ်ဖုန်)တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် အရာရှိကြီးများနှင့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay LAKHAMPONG (ဗီလေး လက်ခမ်ဖုန်)ဦးဆောင်သည့် အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-လာအို နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဆက်သွယ်ရေးစနစ် အသုံးပြုလိမ်လည်မှု၊ ဆိုက်ဘာရာဇဝတ်မှု၊ နယ်စပ်ဖြတ်ကျော်လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှုနှင့် လူကုန်ကူးမှုကဲ့သို့သော နိုင်ငံဖြတ်ကျော်မှုခင်းများအား ပူးပေါင်းတိုက်ဖျက်ရေး၊ တရားခံပြေးများ ဖမ်းဆီးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးရေး၊ နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများ(BLOs)အကြား ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများမှတစ်ဆင့် လူနှင့် ကုန်ပစ္စည်းများ တရားမဝင် ဝင်/ထွက်သွားလာမှုမရှိစေရေးအတွက် သက်ဆိုင်ရာ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ဖက်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ရာဇဝတ်မှုကျူးလွန်ပြီး ဝရမ်းပြေးများအဖြစ် ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်များကို ရှာဖွေဖော်ထုတ် ဖမ်းဆီးလွှဲပြောင်းပေးရေးနှင့် တားဆီးထိန်းချုပ်ရေး၊ နှစ်နိုင်ငံ သက်ဆိုင်ရာ ဝန်ကြီးဌာနနှစ်ခုအကြား အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ဖလှယ်၍ နိုင်ငံဖြတ်ကျော်မှုခင်းများအား တားဆီးနှိမ်နင်းနိုင်ရန် ဆက်သွယ်ဆက်ဆံရေးစနစ်တစ်ရပ် ထားရှိရေးတို့ကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့် အချက်များအား ထိရောက်အကျိုးရှိစွာ ဆက်လက်ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အစည်းအဝေးမှတ်တမ်းကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay LAKHAMPONG(ဗီလေး လက်ခမ်ဖုန်)တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ထို့ပြင် ခရီးစဉ်အတွင်း မြန်မာ-လာအို နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း ဒေသခံတောင်သူများအား တောင်သူပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပံ့ပိုးကူညီဆောင်ရွက်**

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှုဖူလုံပိုလျှံစေဖို့နဲ့ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် ရည်ရွယ်ပြီး မဲဇလီရေလွှဲဆည်ရေနဲ့ နွေနှမ်း ၂၇၁၉၃ ဧက လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ပွင့်ဖြူမြို့နယ်က စိုက်ပျိုးရေအဆင်ပြေတဲ့အပြင် စိုက်ပျိုးမြေတွေလည်း ကောင်းမွန်တာကြောင့် နှမ်းစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ဒီနှစ် နွေနှမ်းစိုက်ပျိုးတောင်သူတွေကို သီးနှံများ အချိန်မီစိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေ အလုံအလောက်ရရှိရေး၊ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ စိုက်ပင်အရေအတွက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စတဲ့ တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ အဓိကစိုက်ပျိုးတဲ့ နှမ်းမျိုးတွေကတော့ စမုန်နက်နှမ်း၊ သိပ္ပံနှမ်းနက်၊ ဆင်းရတနာ-၄ စတဲ့နှမ်းမျိုးများကိုအများဆုံးစိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် စပါး၊ နှမ်း၊ အခြား နွေသီးနှံများကို အားထားစိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်း ၂၇၁၉၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု ၄၇၄၅၂ ဧကစိုက်ပျိုးနိုင်ခဲ့ကာ တစ်ဧက ၁၁ ဒသမ ၉၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



ပွင့်ဖြူမြို့နယ်၌ နှမ်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုကို တွေ့ရစဉ်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အလုပ်အဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် တက်ရောက် လာကြသူများက ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် နှစ်ဖက်အဆိုပြုချက်များကို ဆက်လက်ဆွေးနွေး ညှိနှိုင်းကြပြီး နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ပြင်ဆင်ဖွဲ့စည်းမည့်ကိစ္စအား နိုင်ငံရေး ပါတီများ အစုအဖွဲ့ဘက်မှ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထွေထွေ ဆွေးနွေးခြင်းကဏ္ဍ၌ နိုင်ငံရေး ပါတီကိုယ်စားလှယ်များက ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှုရရှိရန် လုပ်ဆောင်သင့်သော အစီအမံများအား အကြံပြု ဆွေးနွေးခြင်းကိစ္စရပ်များ၊ ပြည်သူများ၏ လိုအပ်ချက်များကို ဥပဒေကြောင်းအရ ဖြည့်ဆည်းပေးနိုင်ရေး ကိစ္စရပ်များ၊ လက်ရှိနိုင်ငံရေး အခင်းအကျင်းနှင့် အစိုးရနှင့်ပြည်သူ လက်တွဲ၍ ကျော်လွှားနိုင်ရေး ကိစ္စရပ်များ၊ နိုင်ငံရေးဝါဒမှိုင်းများကြောင့် ဖြစ်ပေါ်လာသော PDF များကို နိုင်ငံတော်ရင်ခွင်သို့ ပြန်လည် ဝင်ရောက်မှုများပြားလာစေရေး အကြံပြုတင်ပြခြင်း ကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေအရ အရေအတွက်တိုးမြှင့်ခေါ်ယူရေး အကြံပြုချက်များအား ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နှစ်ရက်တာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ် ရေးထိုးခြင်းနှင့် ဆက်လက်ဆွေးနွေးရန် လိုအပ်သည့် နှစ်ဖက်အဆိုပြုချက်များ၊ နှစ်ဖက်ညှိနှိုင်းရရှိသည့် သဘောထားများကို သဘောထား စုစည်းချက်အဖြစ် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက်နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ပြီး လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။



# ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၁) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ပေးအပ်**

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည့်အပြင် နိုင်ငံသားများ၊ ပြည်သူများမဖြစ်မနေ သိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်လည်းဖြစ်ကြောင်း၊ လူတိုင်းလူတိုင်း ဥပဒေပညာရှင် မဖြစ်နိုင်သော်လည်း ဥပဒေပညာကို သိရှိနားလည်ထားမှသာ လူမှုဘဝမြှင့်တင်မှုများတွင် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းသည် ကာလတိုသင်တန်းဖြစ်သည့်အတွက် သင်တန်းက ပို့ချပေးလိုက်သောသင်ခန်းစာများသည် သင်တန်းသား သင်တန်းသူများအတွက် ပြည့်စုံခြင်းမရှိသော်လည်း ဥပဒေအသိအမြင်များရရှိမည်ဟုယုံကြည်ကြောင်း၊ ယခုသင်တန်းက ရရှိသည့် ဥပဒေအသိ အမြင် ဗဟုသုတများကို အခြေခံပြီး ဆက်လက်လေ့လာသင်ယူသွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့ကြပြီး ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြဝတီခရိုင်၌ လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**မြဝတီ ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် မြဝတီခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက မြဝတီမြို့ အမှတ်(၄)ရပ်ကွက် City Home ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြဝတီခရိုင်ဥပဒေအရာရှိ ဦးစောစံဝင်းက အမှာစကားပြောကြားပြီး အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိုင်နင်းရေး ရဲတပ်ဖွဲ့(မြဝတီ)မှ တပ်ဖွဲ့စိတ်မှူး ဒုတိယရဲမှူးသက်ဇော်ထွန်းက လူကုန်ကူးမှုဖြစ်ပေါ်လာရခြင်းအကြောင်းရင်းများ၊ လူကုန်ကူးခြင်းနှင့် လူမှောင်ခိုကူးခြင်းခြားနားချက်၊ လူမှုမီဒီယာများမှတစ်ဆင့်လိမ်လည်၍ လူကုန်ကူးခြင်းများရှိနေခြင်းကြောင့် လူကုန်ကူးမှုမခံရစေရန် သတိပြုဆင်ခြင်ရမည့်အချက်များ၊ လူကုန်ကူးခြင်းမှ ခေါင်းပုံဖြတ်ခံရမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်း ဖြစ်ပွားမှုများ၊ လူကုန်ကူးမှု ဥပဒေအရ သတ်မှတ်ထားသောပြစ်မှုပြစ်ဒဏ်များနှင့် လူကုန်ကူးမှုခံရပါကဖြစ်ပေါ်လာနိုင်သည့်နောက်ဆက်တွဲ ဆိုးကျိုးအန္တရာယ်များကို ဟောပြောပေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများအား လူကုန်ကူးမှုဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံရေးနည်းလမ်းမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြသူများ၏ စကားသံများ

သတင်း - အောင်ရဲသွင်၊
အေးအေးသန့်
ဓာတ်ပုံ - အေးသန်း

နေပြည်တော် ဇန်နဝါရီ ၂၄

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပလျက်ရှိရာ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ရရှိခဲ့သည့်သဘောတူညီမှုရလဒ်များ၊ နိုင်ငံရေးနည်းလမ်းမှတစ်ဆင့် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေရေး ဆောင်ရွက်မှုအခြေအနေများနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်–



ဦးကိုကိုကြီး



ဒေါက်တာအေးမောင်



ဒေါက်တာအောင်မြတ်ဦး



ဦးခင်မောင်သိန်း

**ဦးကိုကိုကြီး**
**(ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ)**

နိုင်ငံတစ်နိုင်ငံမှာ အမြင့်ဆုံးဥပဒေက ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါတယ်။ ဒီဥပဒေရဲ့ သဘောတရားကလည်း ကျင့်သုံးရင်းနဲ့ လိုအပ်ချက်တွေ၊ အားနည်းချက်တွေရှိရင် တဖြည်းဖြည်းပြင်ဆင်ပြီးတော့ ကောင်းသည်ထက်ကောင်းအောင် ကြိုးစားကြရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်း နှစ်ဆက်အတွင်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကျင့်သုံးပြီးတဲ့အချိန်မှာ လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို တွေ့ရှိလာရတာတွေ ရှိပါတယ်။ လက်ရှိနိုင်ငံတော်ရဲ့ အခက်အခဲတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းကနေ ဖြေရှင်းရမယ်ဆိုရင် မဖြစ်မနေ ပြင်ဆင်သင့်တဲ့အချက်တွေကို ဆွေးနွေးကြပါတယ်။ ဒီအချက်တွေထဲမှာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဘက်က အဆိုပြုတဲ့အချက်တွေ ရှိသလို ကျွန်တော်တို့ နိုင်ငံရေးပါတီများအစုအဖွဲ့ကလည်း အဆိုပြုတဲ့အချက်တွေ ရှိပါတယ်။ ဒီအချက်တွေကို နှစ်ဖက်ညှိနှိုင်းပြီးတော့ ဖြစ်ပေါ်လာမယ့် လွှတ်တော်မှာ ပြင်ဆင်တဲ့အခါ ကြိုတင်ညှိနှိုင်းသဘောတူပြီးသားဖြစ်အောင် ကြိုးစားဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

အခု ကျွန်တော်တို့ဆွေးနွေးပြီးသဘောထားစုစည်းချက်အားလုံး (၄၃)ချက်ရှိပါတယ်။ နောက်ပြီး တစ်ထိုင်တည်း ဆုံးဖြတ်လို့မရဘဲ ဆက်လက်ဆွေးနွေးရမယ့် အချက်(၇)ချက်လည်း ရှိပါတယ်။ ဒီအချက်ကိုလည်း ဆက်လက်ဆွေးနွေးနေဆဲဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးနေတဲ့ အချိန်မှာလည်း သဘောတူစုစည်းထားပြီးသား (၄၃)ချက်၊ ဆက်လက်ဆွေးနွေးမယ့် အချက်(၇)ချက်အပြင် နိုင်ငံရေးပါတီများအစုအဖွဲ့က ပြင်ဆင်သင့်တယ်လို့ ထပ်မံပြီး အဆိုပြုထားတဲ့အချက်တွေလည်း ရှိပါသေးတယ်။ ဒီအချက်တွေကိုလည်း ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ သဘောတူညီမှု ရရှိပြီးသွားရင်တော့ သဘောထား စုစည်းချက်တွေအဖြစ်နဲ့ နှစ်ဖက်အပြန်အလှန် လက်မှတ်ရေးထိုးဖို့ အစီအစဉ်လည်းရှိပါတယ်။ ဒါကြောင့် နိုင်ငံရေးနည်းလမ်းနဲ့ ကြိုးပမ်းနေတာဟာ ရုတ်တရက်တော့ သိသာမြင်သာမဖြစ်ပေမယ့် ကျွန်တော်တို့အားလုံး ပွင့်လင်းရင်းနှီးစွာနဲ့ အကျေအလည် ဆွေးနွေးညှိနှိုင်းနေကြပါတယ်။ ဒီဆွေးနွေးမှုတွေမှတစ်ဆင့် တိုးတက်မှုတွေလည်း ရရှိထားပါတယ်။ ဒီတိုးတက်မှုတွေကို ပြည်သူတွေသိရှိစေဖို့ အသိပေးခြင်းဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီမှာ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍက အရေးကြီးပါတယ်။ နိုင်ငံရေးပါတီတွေ အားမကောင်းဘဲနဲ့ ပါတီစုံဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံရေးပါတီတွေ အားကောင်းဖို့ ပြည်သူတွေကိုယ်တိုင်ကလည်း နိုင်ငံရေးပါတီတွေအပေါ်မှာ ယုံကြည်မှုရှိပြီး ပူးပေါင်းဆောင်ရွက်မှုရှိစေလိုပါတယ်။

**ဒေါက်တာအေးမောင်**
**(ဥက္ကဋ္ဌ၊ ရခိုင့်ဦးဆောင်ပါတီ)**

ဒီနေ့ဆွေးနွေးပွဲမှာတော့ အရင်ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲတွေမှာ သဘောထားမတူညီရသေးတဲ့အချက်တွေကို ပြန်လည်ညှိနှိုင်းဆွေးနွေးကြပါတယ်။ နောက်ပြီး သဘောတူညီမှုရရှိထားတဲ့ အချက်တွေကိုလည်း လက်မှတ်ရေးထိုးဖို့ရှိပါတယ်။ သဘောတူညီထားတဲ့ အချက်တွေကတော့ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူတွေ၊ ဥပဒေပြုရေးတွေ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသဖြင့် အားလုံး(၄၃) ချက်ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုက အလွန်အရေးကြီးပါတယ်။ ဒါကြောင့် နိုင်ငံရေးတည်ငြိမ်အောင် ဆောင်ရွက်ဖို့ နိုင်ငံရေးအပေးအယူရှိဖို့ လိုပါတယ်။ နိုင်ငံရေးသဘောထား ကွဲလွဲမှုကြောင့် လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ စစ်ပွဲတွေကြောင့်ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေကို အများကြီး ကြုံတွေ့နေရပါပြီ။ ဒါကြောင့် နိုင်ငံရေးတည်ငြိမ်မှုရရှိအောင် အခြေခံဥပဒေရဲ့ တချို့ပုဒ်မတွေကို ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေပြီး နိုင်ငံရေးပြေလည်မှုရရှိအောင် လိုအပ်နေတဲ့ ကာလဖြစ်တဲ့အတွက် ကြိုးစားဆောင်ရွက်နေကြပါတယ်။

**ဒေါက်တာအောင်မြတ်ဦး**
**(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)**

မနေ့က ဆွေးနွေးပွဲမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။ ဒီနေ့မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဆက်လက်ဆွေးနွေးပြီး လက်ရှိနိုင်ငံနဲ့ ပြည်သူတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို ဘယ်လို ကျော်လွှားသွားမလဲဆိုတဲ့ နည်းလမ်းတွေကိုရှာဖွေဖို့ ဆက်လက်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဖြေရှင်းဖို့ နည်းလမ်းတွေရရှိမယ်လို့လည်း ကျွန်တော်တို့မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ပြောင်းလဲလာတဲ့ ခေတ်ကာလ လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရတာရှိသလို ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ အနာဂတ်မှာ ဆောင်ရွက်မယ့် လျာထားချက်တွေအပေါ်မှာ အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တာတွေလုပ်ရပါမယ်။ ဒီလိုပြင်ဆင်တာတွေလုပ်ပြီး လိုအပ်တာတွေ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အခုသဘောထားညှိနှိုင်းလို့ရတဲ့အချက်တွေကို လွှတ်တော်ပေါ်ပေါက်လာတဲ့အခါ လွှတ်တော်မှာတင်ပြပြီး အတည်ပြုပါမယ်။ ကျွန်တော်တို့ ဆွေးနွေးလာတဲ့ အနေအထားအရ သဘောထားညှိနှိုင်းရရှိတဲ့ အချက် (၄၃) ချက်ရှိပါတယ်။ ဒီအချက်တွေကို သဘောထားညှိနှိုင်းချက်အနေနဲ့ လက်မှတ်ရေးထိုးသွားဖို့ စီစဉ်ထားပါတယ်။

**ဦးခင်မောင်သိန်း**
**(ဗဟိုအလုပ်အမှုဆောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနဲ့ နိုင်ငံရေးပါတီများအစုအဖွဲ့တွေနဲ့ ဆွေးနွေးပွဲတွေလုပ်တဲ့အခါမှာ ကျွန်တော်တို့ပါတီအနေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေ လုပ်ခဲ့ပါတယ်။ ဒီလိုဆွေးနွေးပွဲတွေ လုပ်ခြင်းအားဖြင့် နိုင်ငံအတွက်အကျိုးရှိတယ်လို့ မြင်မိပါတယ်။ နိုင်ငံရေးပါတီတွေ ဖွဲ့စည်းတာဟာ ပြည်သူတွေအကျိုးအတွက် ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့အကျိုးစီးပွားနဲ့ နိုင်ငံအတွက်လိုအပ်တာတွေကို ဝိုင်းဝန်းဆွေးနွေးပြီး ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ကြတာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်ပွင့်လင်းပြီး နားလည်မှုသဘောတရားတွေနဲ့ နိုင်ငံအတွက် ဆွေးနွေးခွင့်ရရှိခဲ့တဲ့အတွက် သဘောတူညီချက်(၄၃) ချက်ရရှိပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ဆွေးနွေးညှိနှိုင်းနေတဲ့ အချက်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးပါတီများအစုအဖွဲ့အနေနဲ့ နိုင်ငံနဲ့ ပြည်သူအတွက် တတ်နိုင်သမျှအကျိုးရှိအောင် ဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေကြပါတယ်။ နောက်ပြီး တစ်ယောက်ကိုတစ်ယောက် မာန်မာနတွေ အတ္တစွဲတွေရှောင်ရှားပြီး ညီရင်းအစ်ကိုတွေလို သဘောထားပြီးတော့ ညှိနှိုင်းဆောင်ရွက်သွားမယ်ဆိုရင် အောင်မြင်မှုတွေရရှိမယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်။

## ထားဝယ်မြို့၌ ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်



**ထားဝယ် ဇန်နဝါရီ ၂၄**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်နေပြည်သူများအတွက် ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

ကျေးလက်နေ ပြည်သူများအတွက် ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက သပြေချောင်းကျေးရွာတပ်နယ်ပတ်လမ်းတွင် ကျန်ရှိနေသော ကတ္တရာလမ်းပျက်အတွင်း လိုအပ်သော နေရာများတွင် ကတ္တရာခင်းခြင်းနှင့် ရေပိတ်လွှာလောင်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သပြေချောင်းကျေးရွာ တပ်နယ်ပတ်လမ်းတွင် ကျန်ရှိနေသော ပျက်စီးနေသည့် လမ်းမျက်နှာပြင်၏ လမ်းအနိမ့်အမြင့်ဖြေညှိပြီး ကတ္တရာခင်းခြင်း ရေပိတ်လွှာ နှစ်ထပ်လောင်းခြင်းကို ထားဝယ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေမှုကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ သတ်မှတ်ကာလ အတွင်းပြီးစီးအောင် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

တစ်လှေ တည်းစီး
တစ်ခရီးတည်းသွား
တစ်စိတ်တည်း
တစ်ဝမ်းတည်း
မကွဲပြား
ပြည်ထောင်စုရဲ့
နှလုံးသား။

# သာယာပျော်ရွှင်ဖွယ် ဘဝခရီးလမ်း လျှောက်လှမ်းနိုင်ဖို့ဆိုရာဝယ်

မြန်မာနိုင်ငံမှာသာမက နိုင်ငံတကာမှာပါ လူငယ်တော်တော်များများဟာ ပညာဆည်းပူးခဲ့ချိန်မှာကတည်းက ကိုယ်နဲ့အမှန်တကယ်ကိုက်ညီတဲ့ ဘာသာရပ်ကို ရွေးချယ်တက်ရောက်ခွင့်မရခဲ့တာမျိုး ဖြစ်တတ်ပါတယ်။ အဲဒီရဲ့အကျိုးဆက်ကြောင့် မိမိအသက်မွေးဝမ်းကျောင်းပြုနေရတဲ့အလုပ်မှာ အဆင်မပြေတာမျိုး ဖြစ်လာတတ်သလို အခြားသောအကြောင်းကိစ္စတွေကြောင့် လုပ်ငန်းခွင်မှာ မပျော်ပိုက်တော့တာမျိုးလည်း ဖြစ်လေ့ရှိတတ်ပါတယ်။

မောင်မောင်လင်း

ကိုယ်စိတ်ဝင်စားတဲ့နယ်ပယ်ကတစ်ခု၊ လက်ရှိလုပ်နေရတဲ့ နယ်ပယ်ကတစ်ခု ဖြစ်လာတာမျိုး၊ လက်ရှိလုပ်ငန်းနယ်ပယ်မှာပဲ ကိုယ်ရဲ့စွမ်းဆောင်နိုင်မှုထက်ပိုပြီး ဒါမှမဟုတ် လိုပြီးလုပ်နေရတာကို မနှစ်သက်တော့တာကြောင့် Career လမ်းကြောင်း ပြန်ပြောင်းချင်တာမျိုးတွေလည်း ဖြစ်လေ့ရှိပါတယ်။ ဒီလိုအချိန်မျိုးမှာ လက်ရှိအလုပ်အကိုင် ပြောင်းလဲဖို့လိုမလားဆိုတာကို ဖော်ထုတ်ပေးနိုင်တဲ့ နည်းလမ်းတစ်ခုကတော့.....

## ပုဂ္ဂိုလ်ရေးစွမ်းဆောင်ရည်စံနမူနာ (The Personal Performance Model) ဆိုရာဝယ်

လူတော်တော်များများက လက်ရှိလုပ်နေရတဲ့အလုပ်မှာ မပျော်ပိုက်ကြပါဘူး။ ဒါပေမဲ့လည်း လုပ်ငန်းခွင်ကျေနပ်ပျော်ရွှင်မှု ဒါမှမဟုတ် လက်ရှိအလုပ်အပေါ် မကျေနပ်မှုကို ဘယ်လိုတိုင်းတာရမလဲဆိုတာကို မသိကြပါဘူး။ ဒီ Model ကတော့ ကိုယ့်ရဲ့အလုပ်အခြေအနေကို အကဲဖြတ်နိုင်ဖို့ အကူအညီပေးပါလိမ့်မယ်။ နည်းလမ်းကတော့ အချိန်ကာလသုံးပတ်အကြာ ညနေတိုင်းမှာ ကိုယ့်ကိုယ်ကိုယ် မေးခွန်းသုံးခု မေးကြည့်ပြီး ထွက်ပေါ်လာတဲ့အဖြေတွေဟာ လုံးဝသက်ဆိုင်မှုမရှိခဲ့ရင် သုညနဲ့ လုံးဝသက်ဆိုင်နေပါက ဆယ်မှတ်အထိ အမှတ်ပေးရပါမယ်။ မေးခွန်းသုံးခုကတော့–

(က) **လုပ်နေရတာ (Have to)**။ လက်ရှိလုပ်နေရတဲ့ အလုပ်တွေဟာ ဘယ်အတိုင်းအတာအထိ လုပ်ဆောင်ဖို့ ကိုယ်က တာဝန်ယူထားရသလဲ။

(ခ) **လုပ်နိုင်တာ (Able to)**။ ဒီအလုပ်တွေက ကိုယ့်ရဲ့ လုပ်ဆောင်နိုင်စွမ်းနဲ့ ဘယ်လောက် ကိုက်ညီမှုရှိနေသလဲ။

(ဂ) **လုပ်ချင်တာ (Want to)**။ ဒီအလုပ်တွေကို ကိုယ်တိုင်က ရော လုပ်ချင်တဲ့ဆန္ဒ ဘယ်လောက်ရှိနေတာမျိုးလဲ။

သုံးပတ်ပြည့်သွားရင် အဲဒါတွေကို ပြန်ဆန်းစစ်ကြည့်ရပါမယ်။ တကယ်လို့များ အလုပ်နေရာအသစ်တစ်ခုကို ပြောင်းရွှေ့လုပ်ကိုင်ခွင့်ရခဲ့ရင် ရရှိလာမယ့် အလုပ်ပုံစံရဲ့ရလဒ်နဲ့ လက်ရှိဖြစ်နေတာကို ချိန်ထိုးကြည့်ရပါမယ်။ အတူတူပဲဖြစ်နေသေးရင်တော့ ကိုယ့်ကိုယ်ကိုယ် အောက်ကမေးခွန်းလေးခု ပြန်မေးကြည့်ဖို့ လိုအပ်ပါလိမ့်မယ်–

(က) ကိုယ်ကဘာလိုချင်နေတာလဲ။

( ခ ) အဲဒါရရင်ရော လုပ်နိုင်ပါ့မလား။

( ဂ ) ကိုယ်လုပ်နိုင်တာကရောဘာလဲ။

(ဃ) ကိုယ်လုပ်နိုင်တာကိုရော လုပ်ချင်နေတာလား စတာတွေပဲ ဖြစ်ပါတယ်။

သေချာတာက တစ်ခုခုအပြောင်းအလဲမလုပ်နိုင်ရင် အဲဒီအလုပ်ကိုပဲ ဆက်လုပ်နေရမှာဖြစ်တယ်ဆိုတာကိုတော့ လက်ခံရပါမယ်။ ဒါဆိုရင် လက်တွေ့ဘဝမှာ ဒီ Model ကို ဘယ်လိုအသုံးချလို့ရလဲဆိုတဲ့ ဥပမာလေးတွေကို လေ့လာကြည့်လိုက်ရအောင်ပါ–

ဥပမာအားဖြင့် Graphic Designer တစ်ယောက်ဟာ သူဆွဲနေရတာတွေက အခြေခံဒီဇိုင်းတွေချည်းပဲလို့ ထင်နေတယ်။ သူ့ကိုယ်ကိုယ် ဒီထက်မက အများကြီးလုပ်နိုင်စွမ်းရှိတယ်လို့ ယူဆထားတယ်။ အခုတော့ လုပ်ချင်နေတာတွေရဲ့ တော်တော်လေးကို အဆင့်နိမ့်တဲ့ အလုပ်တွေကိုပဲ လုပ်နေရတယ်လို့ မြင်လာပြီး စိတ်လှုပ်ရှားတက်ကြွမှုနည်းပါးလာတာမျိုး ဖြစ်လာမယ်။ လုပ်ငန်းပြောင်းဖို့အထိတောင် စိတ်ကူးလာနိုင်ပါတယ်။ ဒါဆိုရင် ဒီထက်အဆင့်မြင့်တဲ့ ဒီဇိုင်းတွေဖန်တီးခွင့်ရရှိဖို့ အလုပ်ရှင်နဲ့ တိုင်ပင်ဆွေးနွေးကြည့်ရမှာဖြစ်ပါတယ်။ ဒါမှမဟုတ် အလုပ်ရှင်က ကိုယ့်ရဲ့ကျွမ်းကျင်မှုဟာ လိုအပ်ချက်ရှိနေသေးတယ်လို့ သုံးသပ်တွေ့ရှိထားရင်လည်း အရည်အချင်းမြှင့်တင်နိုင်ဖို့အတွက် သင့်တော်မယ့်သင်တန်းတွေကို တက်ရောက်ဖို့ စဉ်းစားဆုံးဖြတ်ရတာမျိုးဖြစ်ပါတယ်။

ခြုံပြီးပြောလိုတာကတော့ လုပ်ငန်းပြောင်းဖို့၊ မပြောင်းဖို့က ကိုယ်ကိုယ်တိုင်ရဲ့ အဆုံးအဖြတ်ဖြစ်ပေမယ့် အခု Model က ကိုယ့်ကိုယ်ကိုယ် ပြန်လည်ရှုမြင်တတ်ဖို့နဲ့ လက်ရှိအလုပ်ဟာ ကိုယ်နဲ့ အံဝင်ခွင်ကျမှု ရှိ၊ မရှိဆိုတာကို ဆုံးဖြတ်နိုင်ဖို့အတွက် အထောက်အကူပြုနေတယ်လို့ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ အချိန်အတိုင်းအတာတစ်ခု ရောက်လာပြီးမှ မိမိရဲ့အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် ပြောင်းလဲဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ Hard Choice လို့ သတ်မှတ်ထားတဲ့အတိုင်း အတော်လေးကို ခက်ခက်ခဲခဲဆုံးဖြတ်ရတာမျိုးဖြစ်ပါတယ်။

> **ဘယ်လိုအသက်မွေးဝမ်းကျောင်းမှုမျိုးကို ရွေးချယ်မလဲဆိုတာမျိုး၊ လက်ရှိအသက်မွေးဝမ်းကျောင်းပြုနေတာကနေပြီး လုပ်ငန်းအသစ်ပြောင်းလဲလုပ်ကိုင်တာမျိုးအထိ ခက်ခက်ခဲခဲဆုံးဖြတ်ချက်ချမှတ်ဖို့ လိုအပ်တာမျိုးဖြစ်ပါတယ်။ ဒီလိုခက်ခဲတဲ့ရွေးချယ်မှုတွေအတွက် များသောအားဖြင့် လုံးဝဥဿုံမှန်ကန်တယ်လို့ဆိုနိုင်တဲ့ ဆုံးဖြတ်ချက်မျိုး မရှိတတ်ပါ။ ဒါကြောင့်လည်း ဒဿနပညာရှင် Ruth Chang က အဆုံးအဖြတ်တစ်ခုကို ဘယ်လိုချင့်ချိန်နှိုင်းယှဉ်တွက်ချက်မှုတွေ ပြုလုပ်ပြီးပဲချချ၊ ကိုယ်ရဲ့စိတ်ခံစားမှု၊ အတွေ့အကြုံ၊ နှစ်ခြိုက်မှုတွေနဲ့ကိုက်ညီဖို့တော့ လိုအပ်ပါတယ်။ "အကောင်းဆုံးရွေးချယ်ခဲ့မှုဆိုတာမျိုး မရှိနိုင်တာကြောင့် ပြင်ပကအကြောင်းပြချက်တွေ ရှာဖွေနေမယ့်အစား မိမိစိတ်အတွင်းက အကြောင်းပြချက်ကိုပဲ ရှာဖွေသင့်တယ်" လို့ မှတ်ချက်ပြု**

## ခက်ခဲသောရွေးချယ်မှုစံနမူနာ (The Hard Choice Model) ဆိုရာဝယ်

ဒီ Model ကတော့ ဆုံးဖြတ်ချက်တွေကို ဘယ်လိုဦးစားပေးအဆင့်ခွဲခြားသတ်မှတ်မလဲ။ ပြီးရင် အကောင်းဆုံးသော လုပ်ဆောင်သင့်တဲ့နည်းလမ်းကို ရွေးချယ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေဖို့ တီထွင်ဖန်တီးထားတဲ့ Model ပုံစံတစ်ခုပဲ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်တွေကို ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်နိုင်ဖို့အတွက်ဆိုရင် အခြေခံအချက်နှစ်ချက် လိုအပ်ပါတယ်။ ဒါတွေကတော့–

(က) **နှိုင်းယှဉ်ချိန်ထိုးဖို့လွယ်ရဲ့လား။** ဆိုလိုတာကတော့ ရွေးချယ်နိုင်မှုတွေရဲ့ အကျိုးနဲ့အပြစ်ကို တိတိကျကျ ဖော်ထုတ်ဖို့ လွယ်ကူရဲ့လားဆိုတာမျိုးဖြစ်ပါတယ်။

(ခ) နောက်တစ်ချက်ကတော့ ရွေးချယ်ဆုံးဖြတ်လိုက်မှုတစ်ခုရဲ့ နောက်ဆက်တွဲအကျိုးဆက်ကရော ဘာတွေလဲဆိုတာမျိုးဖြစ်ပါတယ်။

ဒီအကြောင်းနှစ်ချက်ကို အခြေခံစဉ်းစားပြီး ခက်ခဲတဲ့ရွေးချယ်မှုစံနမူနာ (The Hard Choice Model) ရဲ့ လုပ်ဆောင်ရမယ့်ပုံစံအရ ဆုံးဖြတ်ချက်ပုံစံလေးမျိုး ထွက်ပေါ်လာမှာပဲ ဖြစ်ပါတယ်။ အဲဒါတွေကတော့–

(က) **အကျိုးနဲ့အပြစ်အပေါ် လွယ်လွယ်ကူကူလည်း နှိုင်းယှဉ်ဖော်ထုတ်နိုင်သလို အကျိုးဆက်ရဲ့သက်ရောက်မှုကလည်း သိပ်မပြင်းထန်တဲ့ ရွေးချယ်မှုမျိုး (ဦးနှောက်သိပ်စားစရာမလိုမှု (No–Brainer))**။ ဥပမာအားဖြင့် အပြာရောင်ရှပ်အင်္ကျီဝတ်ရင် ကောင်းမလား၊ အနီရောင်ဝတ်ရင် ကောင်းမလားစသည်ဖြင့် ဝေခွဲရခက်မှုမျိုး။ ရွေးချယ်စရာတစ်ခုက အခြားတစ်ခုထက် ပိုကောင်းပေမယ့် ဆုံးဖြတ်တာမှားခဲ့ရင်လည်း ကြီးကြီးမားမား ဘာမှမဖြစ်နိုင်တာမျိုး ဖြစ်ပါတယ်။

(ခ) **အကျိုးနဲ့အပြစ်အပေါ် နှိုင်းယှဉ်ဖော်ထုတ်နိုင်ဖို့ခက်ခဲပေမယ့် အကျိုးဆက်ရဲ့သက်ရောက်မှုကတော့ သိပ်မပြင်းထန်တဲ့ ရွေးချယ်မှုမျိုး (Apples to Oranges)**။ ဥပမာအားဖြင့် ပန်းသီးဝယ်ရင် ကောင်းမလား၊ လိမ္မော်သီးဝယ်ရင် ကောင်းမလားဆိုပြီး ဝေခွဲရခက်နေတာမျိုးကို တင်စားထားတာပါ။ လက်တွေ့နယ်ပယ်မှာတော့ သူငယ်ချင်းနှစ်ယောက်အကြား ရုပ်ရှင်သွားကြည့်ကြမလား၊ ဒါမှမဟုတ် ညစာပဲအတူစားရင်ကောင်းမလား ဆိုတာကို ဆုံးဖြတ်ရတာမျိုး ဖြစ်ပါတယ်။ ဒီရွေးချယ်မှုနှစ်ခုအကြား အကျိုးနဲ့အပြစ်ကို နှိုင်းယှဉ်ဖော်ထုတ်တာက တိုက်ရိုက်ဆက်နွှယ်မှုနည်းပါးပေမယ့်လည်း ကိုယ့်ရဲ့ရွေးချယ်လိုက်မှုကြောင့် အကျိုးဆက်သက်ရောက်မှုက သိပ်ပြီးထူးခြားလေးနက်စေမှာတော့မဟုတ်ပါ။ ရွေးချယ်ခွင့်တစ်ခုက တစ်နည်းတစ်ဖုံအားဖြင့်တော့ အခြားတစ်ခုထက်တော့ ပိုကောင်းပါတယ်။ ဒါပေမဲ့ ဒါတွေကို အမှန်တကယ် နှိုင်းယှဉ်လို့လည်းမရ။ ဘယ်တစ်ခုကတော့ တကယ် အရေးမကြီးပါဘူးလို့ သတ်မှတ်နိုင်ဖို့တောင်မှ ခက်ခဲနေတာမျိုးဖြစ်ပါတယ်။

(ဂ) **အကျိုးနဲ့အပြစ်အပေါ် လွယ်လွယ်ကူကူ နှိုင်းယှဉ်ဖော်ထုတ်နိုင်ပေမယ့် အကျိုးဆက်ရဲ့သက်ရောက်မှုကတော့ အတော်လေး ပြင်းထန်မှုရှိတဲ့ ရွေးချယ်မှုမျိုး (Big Decision)။** ဥပမာအားဖြင့် မိသားစုနဲ့အသားကျပြီးဖြစ်နေတဲ့ လက်ရှိဒေသမှာပဲဆက်နေမလား၊ အခွင့်အလမ်း ပိုမိုဖန်တီးခွင့်ရနိုင်မယ့် ဒေသအသစ်ကို ပြောင်းရွှေ့မလားစသည်ဖြင့် လုပ်ငန်းခွင်မှာ ရွေးချယ်နိုင်ခွင့်ရှိလာတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ နောက်တစ်မျိုးစဉ်းစားကြည့်ရင် အသက်ကို ကယ်တင်နိုင်ဖို့အတွက် ခွဲစိတ်မှုခံယူဖို့ ဆုံးဖြတ်ရတော့မယ့် အခြေအနေမျိုးမှာတောင် အခြားနည်းလမ်းလည်း ရွေးချယ်စရာမရှိတော့ဘူးဆိုရင် ဆုံးဖြတ်ချက်ကြီးကြီးမားမားတစ်ခုနဲ့ ရင်ဆိုင်နေရတယ်လို့ဆိုနိုင်ပေမယ့် ခွဲစိတ်ဖို့ကိုသာ လွယ်လွယ်ကူကူ ဆုံးဖြတ်သွားနိုင်တာမျိုးလည်း ရှိတတ်ပါတယ်။

(ဃ) **အကျိုးနဲ့အပြစ်အပေါ် နှိုင်းယှဉ်ဖော်ထုတ်နိုင်ဖို့ခက်ခဲသလို အကျိုးဆက်ရဲ့ သက်ရောက်မှုကလည်း အတော်လေးပြင်းထန်မှုရှိတဲ့ ရွေးချယ်မှုမျိုး (Hard Choice)။** ဥပမာအားဖြင့် ဘယ်လိုအသက်မွေးဝမ်းကျောင်းမှုမျိုးကို ရွေးချယ်မလဲဆိုတာမျိုး၊ လက်ရှိအသက်မွေးဝမ်းကျောင်းပြုနေတာကနေပြီး လုပ်ငန်းအသစ်ပြောင်းလဲလုပ်ကိုင်တာမျိုးအထိ ခက်ခက်ခဲခဲ ဆုံးဖြတ်ချက်ချမှတ်ဖို့ လိုအပ်တာမျိုး ဖြစ်ပါတယ်။ ဒီလိုခက်ခဲတဲ့ ရွေးချယ်မှုတွေအတွက် များသောအားဖြင့် လုံးဝဥဿုံမှန်ကန်တယ်လို့ဆိုနိုင်တဲ့ ဆုံးဖြတ်ချက်မျိုး မရှိတတ်ပါ။ ဒါကြောင့်လည်း ဒဿနပညာရှင် Ruth Chang က "အဆုံးအဖြတ်တစ်ခုကို ဘယ်လိုချင့်ချိန်နှိုင်းယှဉ်တွက်ချက်မှုတွေ ပြုလုပ်ပြီးပဲချချ၊ ကိုယ်ရဲ့စိတ်ခံစားမှု၊ အတွေ့အကြုံ၊ နှစ်ခြိုက်မှုတွေနဲ့ ကိုက်ညီဖို့တော့ လိုအပ်ပါတယ်။ **"အကောင်းဆုံးရွေးချယ်ခဲ့မှုဆိုတာမျိုး မရှိနိုင်တာကြောင့် ပြင်ပက အကြောင်းပြချက်တွေ ရှာဖွေနေမယ့်အစား မိမိစိတ်အတွင်းက အကြောင်းပြချက်ကိုပဲ ရှာဖွေသင့်တယ်"** လို့ မှတ်ချက်ပြုဖူးပါတယ်။

အဆုံးသတ်အနေနဲ့ အထက်မှာ ဖော်ပြခဲ့တဲ့အခြေအနေလေးမျိုး အပေါ်မူတည်ပြီး ဘယ်လိုလုပ်ဆောင်သွားသင့်လဲဆိုတော့ –

(က) **No–Brainer**။ မိမိဘာသာမိမိ အကောင်းအဆိုး၊ အကျိုးနဲ့အပြစ် ချိန်ထိုးပြီး အမြန်ဆုံး ဆုံးဖြတ်လုပ်ဆောင်လိုက်ရမှာ ဖြစ်ပါတယ်။

( ခ ) **Apples to Oranges**။ ကိုယ့်ရဲ့ဦးစားပေးမှုနဲ့ နှစ်ခြိုက်မှုကိုလိုက်ပြီး စိတ်ကြိုက်ရွေးချယ်လုပ်ဆောင်တာကသာ အကောင်းဆုံး ဖြစ်ပါတယ်။

( ဂ ) **Big Decision**။ အဆုံးအဖြတ်တစ်ခုမချမီ ရွေးချယ်နိုင်မှုတစ်ခုချင်းစီရဲ့ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့အပြစ်တွေအပေါ် ဂရုတစိုက်နဲ့ သေချာစွာနှိုင်းယှဉ်ချိန်ဆဖို့ လိုအပ်ပါတယ်။

(ဃ) **Hard Choice**။ ဆက်နွှယ်သက်ဆိုင်တဲ့ သတင်းအချက်အလက်အားလုံးစုဆောင်းရယူနိုင်ဖို့အလေးထားဆောင်ရွက်ရပါမယ်။ ပြီးရင် ကိုယ့်ရဲ့တန်ဖိုးထားရှိမှုတွေကို ဖော်ထုတ်ရပါမယ်။ ယုံကြည်စိတ်ချရတဲ့ အရင်းအမြစ်တွေထံက လမ်းညွှန်အကြံပေးတာတွေကိုလည်းခံယူရမှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၇ သို့**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သစ်အခြေခံ၊ ကြိမ်နှင့်ဝါး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အချောထည်ထုတ်လုပ်မှု တိုးတက်လာစေရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ ရွှေပင်လယ်ကြိမ်အချောထည်စက်ရုံသို့ရောက်ရှိပြီး ကြိမ်အချောထည်ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်အား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ်ရှိ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းရုံးတွင် သစ်အခြေခံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များ၊ ဌာနမှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် သစ်တောသယံဇာတ ထုတ်ယူသုံးစွဲခြင်းကို အကန့်အသတ်ဖြင့် ထုတ်ယူလျက်ရှိကြောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းများအတွက် လိုအပ်သောကုန်ကြမ်းများကို သဘာဝတောများနှင့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စိုက်ခင်းများမှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ အလားတူ ဝါးနှင့် ကြိမ်လုပ်ငန်းများအတွက် သဘာဝတောများမှ နှစ်စဉ်ထုတ်လုပ်နိုင်သော ဝါးလုံးရေ ၃၁၈ သန်းနှင့် ကြိမ်လုံးရေ ၇၇ သန်းရှိပြီး ပုဂ္ဂလိကဝါးစိုက်ခင်းများတည်ထောင်မှုကိုလည်း စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သစ်အခြေခံစက်မှုလုပ်ငန်းများနှင့် ကြိမ်၊ ဝါး အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်သစ်များ ရှာဖွေရာတွင် ဒေသတွင်းနိုင်ငံများ၏ ပြည်ပတင်ပို့မှု/တင်သွင်းမှု အခြေအနေများကိုလေ့လာပြီး ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ သစ်အခြေခံ ကြိမ်နှင့် ဝါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပုဂ္ဂလိကအခန်းကဏ္ဍမှာ အရေးကြီးကြောင်း၊ အဆိုပါ ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေး၊ ကုန်ကြမ်းရရှိရေးနှင့် ထုတ်လုပ်ပြီးသော ကုန်ချောများ တင်ပို့ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် ဌာနနှင့်လုပ်ငန်းရှင်များ ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ကုန်ကြမ်းရရှိမှု၊ ကုန်ချောထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ၊ တွေ့ကြုံရသော အခက်အခဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများက ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေထွက်ကုန်လုပ်ငန်းများဖွံ့ဖြိုးရေး ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းကြရန် လိုအပ်



**နေပြည်တော် ဇန်နဝါရီ ၂၄**

မွေးမြူရေးကို အခြေခံသည့် အသားငါး ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကြျူဝန်းအသားတိုးနွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်သရုပ်ပြခြံသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်စဉ် တိုင်းဒေသကြီး တာဝန်ခံနှင့် ခြံတာဝန်ခံတို့က မျိုးရည်ခဲချောင်း ထုတ်လုပ်နိုင်သော F2 ဘရာမင် အသားတိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု၊ အသားတိုးနွား မွေးမြူရေးဆိုင်ရာနည်းပညာများ ဖြန့်ဖြူးပေးနိုင်မှုနှင့် အသားတိုးနွားနှင့် မွေးနွား မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မွေးမြူရေး တိရစ္ဆာန်၏ ကျန်းမာသန်စွမ်းမှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ အသားထွက်ရှိမှု အရည်အသွေးများသည် ယင်းတို့ကို ကျွေးမွေးသည့် အစာအာဟာရအပေါ် များစွာတည်မှီနေသဖြင့် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမှုရှိသည့် တိရစ္ဆာန်အစာပင်များနှင့် အစာပင်အမျိုးအစားအလိုက် အာဟာရပါဝင်မှုများ အပါအဝင် တိရစ္ဆာန်အစာနှင့် သက်ဆိုင်သော သုတေသနများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တောင်သူအကျိုးရှိစေမည့် F2 အမများကို ၁၀၀ ရာခိုင်နှုန်း ဘရာမင် မျိုးရည်ခဲချောင်းဖြင့် မျိုးမြှင့်သားစပ်ပြီး ဘရာမင်မျိုး ၈၇ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်သော အသားတိုးနွားမျိုးသစ် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားပြီး မွေးမြူရေးခြံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အောင်မြေသာစံမြို့နယ် မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း(မန္တလေး) သို့ သွားရောက်၍ မျိုးငါးများ ပြုစုထားရှိမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များကို ပြည်တွင်း၌ ဖူလုံစွာစားသုံးနိုင်ရေး၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေ တိုးတက် ရှာဖွေပေးနိုင်ရေး အတွက် ရေထွက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးလာရေး ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းကျေးရွာရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းထွန်း(ခ)ဦးကျော်ဆီထင် ၏ ဥစားကြက်ကောင်ရေ ၁၀၀၀၀၀ မွေးမြူထားသည့် မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❂ စာမျက်နှာ ၆ မှ

ဒီလိုရွေးချယ်ဆုံးဖြတ်ရတော့မယ့်အခြေအနေမျိုးမှာ မိမိရဲ့ အမှန်တကယ်လိုအပ်ချက်ကို ကိုယ်တိုင်ရှာဖွေဖော်ထုတ်တတ်ဖို့က အရေးကြီးလာပါတယ်။ ၂၀၀၃ ခုနှစ်တုန်းက ရုံတင်ပြသခဲ့တဲ့ Hierrankl ဆိုတဲ့ ဂျာမန်ရုပ်ရှင်ဇာတ်ကားထဲမှာတော့ လူသားတွေအတွက် အရေးကြီးဆုံးက **"ကာမဆိုတဲ့ကိစ္စရယ်"**၊ **"မိသားစုဆိုတာရယ်"**၊ **"အသိဉာဏ်တရားရယ်"** ဆိုတဲ့ သုံးမျိုးပါတဲ့။ အဲဒီသုံးမျိုးလုံးနဲ့များ ပြည့်စုံနေရင် လောကနိဗ္ဗာန်။ နှစ်မျိုးလောက်ပဲရနေရင်တော့ ချမ်းသာသုခ။ တစ်ခုတည်းဆိုရင်တောင်မှ ရှင်သန်ရပ်တည်နိုင်တယ်လို့ ဖော်ပြခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာကတော့ **"ကုသိုလ်၊ ပညာ၊ ဥစ္စာရဖို့ သင့်ရာဒေသ အမြဲနေ"**ဆိုပြီး သင်ကြားဆုံးမခဲ့ပါတယ်။

### The Maslow ပိရမစ်ဆိုရာဝယ်

ဒါနဲ့ပတ်သက်လို့ စိတ်ပညာရှင် Abraham Maslow ကတော့ ၁၉၄၃ ခုနှစ်တုန်းက The Maslow ပိရမစ်ဆိုတဲ့ သီအိုရီတစ်ရပ်ကို အဆိုပြုဖော်ထုတ်ခဲ့ဖူးပါတယ်။ သူက လူတွေမှာ လိုအပ်ချက်ဆိုတာတွေ ရှိပါတယ်။ အခြေခံအကျဆုံးကနေ အမြင့်မားဆုံးလိုအပ်ချက်ဆိုပြီး ထိပ်ဆုံးအထိ အဆင့်ဆင့်တက်လှမ်းမြင့်တက်လာမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ ပုထုဇဉ်လူသားတွေရဲ့ အမှန်တကယ်လိုအပ်နေတဲ့အရာနဲ့ အမှန်တကယ်လိုချင်နေတဲ့အရာတွေကိုလည်း သူက စည်းခြားခွဲခြားမှုပြုလုပ်ပေးနိုင်ပါတယ်။ ဒါတွေကတော့-

(က) ဇီဝကမ္မဆိုင်ရာလိုအပ်ချက်များ (အစားအစာ၊ အိပ်စက်ခြင်း၊ အနွေး/ အအေးဓာတ်၊ လိင်ဆက်ဆံမှု)။

(ခ) လုံခြုံရေးဆိုင်ရာလိုအပ်ချက်များ (နေထိုင်ရန်နေရာ၊ အလုပ်ခွင်တည်မြဲမှု လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဘေးဒုက္ခအန္တရာယ်တွေမှ အကာအကွယ်ရလိုမှု)။

(ဂ) လူမှုဆက်ဆံရေးဆိုင်ရာလိုအပ်ချက်များ (သူငယ်ချင်း၊ လက်တွဲဖော်၊ ချစ်ခြင်းမေတ္တာ)။

(ဃ) အသိအမှတ်ပြုမှုဆိုင်ရာလိုအပ်ချက်များ (ရာထူးဂုဏ်သိန် အဆင့်အတန်း၊ အာဏာ၊ ငွေ)။

(င) မိမိကိုယ်ကိုလက်တွေ့အသုံးချခြင်း (တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အလားအလာများကို သိရှိနားလည်စေလိုမှု၊ ဂုဏ်သိက္ခာမြင့်မားလိုမှုနှင့် ကိုးကွယ်ယုံကြည်မှု)။

ဒီအထဲက ပထမအချက်သုံးချက်က အခြေခံလိုအပ်ချက်တွေဖြစ်ပါတယ်။ အဲဒီသုံးချက်ပြည့်စုံကျေနပ်မှုရနေရင် လူတွေဟာ လိုဘပြည့်သွားပြီး ထပ်ပြီးရဖို့ သိပ်မစဉ်းစားတော့ဘူးလို့ ဆိုပါတယ်။ ဒါကြောင့် အဲဒီသုံးခုကို အရင်ပြည့်စုံအောင် လုပ်ဆောင်ရပါမယ်။ ဒါတွေအခြေခိုင်ထားမှ နောက်ဆုံးနှစ်ခုဖြစ်တဲ့ မျှော်မှန်းချက်၊ တစ်ကိုယ်ရေတိုးတက်မှုဆိုင်ရာ လိုအပ်ချက်တွေကို ဆက်ပြီးဖြည့်ဆည်းရမှာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီနှစ်ခုကလည်း လိုချင်နေမှုနဲ့ ဆန္ဒတွေဖြစ်တာကြောင့် ဘယ်တော့မှ ပြည့်စုံကျေနပ်တယ်ဆိုတာ မရှိနိုင်ဘူး၊ လိုဘပြည့်မှာလည်း မဟုတ်ဘူးလို့ ဆိုပါတယ်။ လူတွေရဲ့ဆန္ဒတွေနဲ့ သူတို့ရဲ့ လိုအပ်ချက်တွေများ ဆန့်ကျင်မှုရှိလာခဲ့ရင်တော့ အဲဒီပိရမစ်ပုံစံဟာ စိတ်ဝင်စားစရာ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် အချို့သောရည်မှန်းချက် အလွန်မြင့်မားလွန်းတဲ့သူတွေဟာ အခြေခံလိုအပ်ချက်တွေ မပြည့်စုံနေပေမယ့်လည်း သူချမှတ်ထားတဲ့ ရည်မှန်းချက်ပန်းတိုင် ပေါက်မြောက်သည်အထိ မရောက်ရောက်အောင်သွားတတ်တာမျိုးလည်း ရှိနိုင်ပါတယ်။

နိဂုံးချုပ်အားဖြင့် မိမိရဲ့စွမ်းဆောင်နိုင်ရည်အပေါ် သိရှိနားလည်ပြီး ပုဂ္ဂလိကကိုယ်ရည်ကိုယ်သွေး တိုးတက်ဖွံ့ဖြိုးအောင် ကိုယ်တိုင်ပဲလုပ်ဆောင်နေရမှာဖြစ်သလို မိမိရဲ့ဘဝကို ကျေနပ်နေဖို့လည်း လိုအပ်ပါတယ်။ မိမိဘဝကို အကောင်းဆုံးဖြတ်သန်းနိုင်ဖို့အတွက် အခက်အခဲတွေကနေ ပြန်လည်ရုန်းထနိုင်မှုနဲ့ စိတ်ဓာတ်မာကျောမှုတွေကို ပြုစုပျိုးထောင်သွားခြင်းဖြင့် ကိုယ့်ရဲ့ဆန္ဒနဲ့ဘဝ ထပ်တူကျလာမှုမှတစ်ဆင့် ကိုယ့်ရဲ့အကောင်းဆုံးပုံသဏ္ဍာန်ကို ကိုယ်တိုင်ထုဆစ်ပုံဖော်နိုင်မှာဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။

တိုင်းပြည်သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့

# လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းအမှတ်စဉ် (၂/ ၂၀၂၄)သင်တန်းဆင်း

**နေပြည်တော် ဇန်နဝါရီ ၂၄**

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံ သင်တန်းအမှတ်စဉ် (၂/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ လျှပ်စစ်ကျွမ်းကျင်မှု သင်တန်းခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Virtual စနစ်ဖြင့် တက်ရောက်သည်။



အခမ်းအနားသို့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အင်ဂျင်နီယာချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာနမှ စက်ရုံမှူးများ၊ နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတအရင်းအမြစ်များ အရေးပါသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အလွန်အရေးကြီးကြောင်း၊ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအနေဖြင့် နိုင်ငံတော်အတွက် အထောက်အကူဖြစ်ရုံသာမက နိုင်ငံတကာတွင် ရင်ပေါင်တန်းပြီး လုပ်ငန်းဆောင်ရွက်နိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် ဝန်ထမ်းကောင်းများ၊ စက်ရုံ၊ အလုပ်ရုံများတွင် လျှပ်စစ်ပြင်ဆင်ခြင်းနှင့် တပ်ဆင်ခြင်းများ ဆောင်ရွက်ကြသည့် လျှပ်စစ်ကျွမ်းကျင်သူများ ဖြစ်အောင် ကြိုးစားလုပ်ကိုင်ကြရန် ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

စက်မှုဝန်ကြီးဌာန အနေဖြင့် လျှပ်စစ်ကျွမ်းကျင်မှု အခြေခံ သင်တန်းများကို ၁၉၉၈ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ သင်တန်း ၄၉ ကြိမ် ဖွင့်လှစ်၍ လျှပ်စစ်ကျွမ်းကျင်သူ ၃၈၉၉ ဦး လေ့ကျင့်သင်ကြားမွေးထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၂၄)သို့ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်အထိ ရက်သတ္တပတ် ရှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပမည့် တပေါင်းကွင်း၌ ဖွဲ့စည်းထားရှိသည့် ဆပ်ကော်မတီ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုအဆင့် ကျင်းပမည့် အခမ်းအနားဖြစ်၍ ပြည်ထောင်စုအဆင့်နှင့် လျော်ညီသည့် အခမ်းအနားဖြစ်အောင် ဝိုင်းဝန်း ကြိုးစားဆောင်ရွက်ရန် မှာကြားပြီး ဝန်ကြီးဌာနပြခန်းများ၊ ရိုးရာအစားအစာဆိုင်ခန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ တည်ဆောက်ပြီးစီးမှု၊ MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရန် စီမံဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ကက်သလစ်သီလရှင်လေးများ ဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဦးဝင်းလှိုင်ဦးနှင့် ဦးသန်းဝင်းတို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကက်သလစ် သီလရှင်လေးများ ဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါအဖွဲ့သည် ကက်သလစ်သီလရှင်လေးများ ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသောဘိုးဘွားများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွား အိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုနှင့် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးအဘိုး/အဘွားများအား လူမှုရေးပင်စင်ပေးအပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကာ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

ဘာမထီ သတ္တိခဲ

✻ လူလေးကြီးရင် ဘာလုပ်မယ်
ပြောပြပါဦးကွယ်၊
အရွယ်ရောက်တော့ ကြံ့ခိုင်ထွား
စစ်သားလုပ်မယ်ဗျား။
✻ ခေါင်းမော့ကာ ဖြေတဲ့စကား
တိုးပွားလို့ ရင့်သန်ကာ၊
ခုအခါ အရွယ်ရောက်တော့
ထွန်းတောက်လို့လာ၊
တကယ်စွဲပါတဲ့
ငယ်ကတည်းက ဝါသနာ
ကြီးလာတော့ အဆတိုး။
ကမ္ဘာမှာ သမ္ဘာရှိတဲ့
ဇာတိမာန်နိုး။
✻ ဘာမထီ သတ္တိခဲပေ့
ဗျတ္တိဖွဲ့ စွမ်းရည်ပြောင်၊
နိုင်ငံ့ဝန် ဆောင်သယ်ပိုးမဲ့
မျိုးချစ်သားမောင်၊
နိုင်ငံ့သွေးပေမို့
နိုင်ငံ့အရေး စိတ်အေးအောင်
ပေးဆောင်ဖို့ လက်မနှေး။
ဝတီနန်းဆီက
တိမ်ပန်းကို ဆွတ်ချူဆွဲမယ့်
ရဲစိတ်ကိုမွေး။
✻ ခုအခါ စစ်မှုထမ်းဖို့
အခွင့်အလမ်း ပေါ်လာပြီ၊
ကိုယ်ကိုယ်တိုင် စာရင်းပေးလို့
ရေးသွင်းခဲ့သည်၊
နိုင်ငံတော် ကာကွယ်ရေးနဲ့
ပြည်သူကို စောင့်ရှောက်ပေးဖို့
ဟစ်ကြွေးလို့ တိုင်တည်
ခိုင်ကျည်တဲ့ သစ္စာတေး။
ဖွံ့ထွား သန်မာတဲ့
ဝံ့ကြွား ကိုယ်ခန္ဓာနဲ့
ရန်ဘယာ သုတ်သင်ရှင်းလို့
နှိမ်နင်းမယ်လေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# တပ်ကုန်းမြို့နယ် တောင်ပို့သာကျေးရွာ၌ KG ကျောင်းသားများအား အာဟာရကျွေးမွေး

**တပ်ကုန်း ဇန်နဝါရီ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် တောင်ပို့သာကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးဉာဏ်မြင့်ဦး ကြီးကြပ်၍ ဆရာ ဆရာမများနှင့် စေတနာရှင်များ ပူးပေါင်း၍ KG ကျောင်းသား ကျောင်းသူကလေးငယ်များအား လတ်ဆတ်သောအစားအစာများနှင့် သတ်မှတ်ချက်ပြုတ်နည်းဖြင့် အာဟာရကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း KG အဆောင်တွင် ကျွေးမွေးသည်။

အဆိုပါကျောင်းတွင် ကျောင်းအဆောက်အအုံ ကိုးဆောင်၊ ကျောင်းသား ကျောင်းသူပေါင်း ၃၇၈ ဦးရှိပြီး ကျောင်းသား ကျောင်းသူ ၃၇၈ ဦးတို့ကို အာဟာရကျွေးမွေးခဲ့ရာ ၁၄ ကြိမ်၊ KG ကျောင်းသား၊ ကျောင်းသူကလေးငယ် ၂၀ အား လတ်ဆတ်သော ထမင်း၊ ကြက်သား၊ ကုလားပဲနှင့် ဟင်းသီးဟင်းရွက်တို့ကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ချက်ပြုတ်နည်းဖြင့် အာဟာရကျွေးမွေးခဲ့ရာ ယခုအကြိမ်အပါအဝင် သုံးကြိမ်ကျွေးမွေးခဲ့ပြီး ကျန်ရက်များတွင် စေတနာရှင်များနှင့် ပူးပေါင်း၍ ဆက်လက်ကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းဖြင့် အုန်းပင်ကျေးရွာအတွင်း သောက်သုံးရေပေးနေမှုကိုလည်းကောင်း၊ သဘာဝဘေးကြောင့် လယ်ငယ်ချောင်းစပ်တွင်းကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားသည့်လက်တူးတွင်းနှင့် ဆိုလာပန့်များ ပျက်စီးခဲ့မှုကိုလည်းကောင်း၊ လက်ရှိကျေးရွာအတွင်း ရေပေးနေသည့် သောက်ရေတွင်းအခြေအနေကိုလည်းကောင်း၊ သဘာဝဘေးကြောင့် ပွဲစားဆည်တမံ ကျိုးပဲ့မှုအခြေအနေကို လည်းကောင်း၊ တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာတွင် စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားကာ စာကြည့်တိုက်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် အုန်းပင်ကျေးရွာအနီး ခရီးသွားနေရာအဖြစ်ဖော်ဆောင်ထားသည့် ရှေးဟောင်းသမိုင်းဝင် သားခိုတောင် မဟာအတုလလောကရန်အောင် ဆုတောင်းပြည့်စေတီမြတ်ကြီးအား ပြည်သူများ အဆင်ပြေစွာသွားလာဖူးမြော်နိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး သားခိုတောင် မဟာအတုလ လောကရန်အောင် ဆုတောင်းပြည့်စေတီမြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ လှူဒါန်းသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ရွှေးစု(မြောက်)ကျေးရွာအနီးတွင် ရေကြီးနစ်မြုပ်ခဲ့သည့် လယ်ယာမြေ ၁၅၆ ဒသမ ၆၅ ဧကကို နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနက စက်ယန္တရားများဖြင့် သဲနုန်းများဖယ်ရှားခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အများပြည်သူလူထု ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် သာစည်-ရွှေညောင်ရထားလမ်းပိုင်းအတွင်း အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန် လူစီးရထားနှင့် အောင်ပန်း-ကလော၊ ကလော-မြင်းဒိုက် Tour Train (RGC)ရထားများ ပြန်လည်ပြေးဆွဲပေးမည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာဂီစူပါတိုင်ဖွန်းမုန်တိုင်း သဘာဝဘေးဒဏ် ရေကြီးရေလျှံမှုကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ သာစည်-ရွှေညောင်-တောင်ကြီး လမ်းပိုင်းတို့ရှိ အချို့နေရာများတွင် ရထားလမ်း တာပေါင်များ၊ တံတားများ ပျက်စီးခြင်းနှင့် ကြုံတွေ့ခဲ့ရသော်လည်း မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းအလိုက် ပျက်စီးမှုများကို ဦးစားပေး၍ ပြုပြင်နိုင်ခဲ့သောကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃ ရက်မှစ၍ ရန်ကုန်-မန္တလေး ရထားလမ်း တောက်လျှောက်ပြန်လည်ဖွင့်လှစ်ပြီး လူစီးရထားများနှင့် ကုန်ရထားများကို ပုံမှန်ခရီးစဉ်များအဖြစ် ပြန်လည်ပေးဆွဲပေးနိုင်ခဲ့သည်။

ထို့အတူ သာစည်-ရွှေညောင် လမ်းပိုင်းအတွင်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းအလိုက် ဦးစားပေး ပြုပြင်နိုင်ခဲ့သဖြင့် ဇန်နဝါရီ ၂၈ ရက်တွင် လမ်းပိုင်းအားလုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်မည်ဖြစ်၍ သာစည်-ရွှေညောင် လမ်းပိုင်းတွင် ပြေးဆွဲပေးခဲ့သော အမှတ်(၁၄၁)အဆန် သာစည်-ရွှေညောင် လူစီးရထားကို ဇန်နဝါရီ ၃၁ ရက်(သောကြာနေ့)တွင် လည်းကောင်း၊ အမှတ်(၁၄၂) အစုန် ရွှေညောင်-သာစည် လူစီးရထားကို ဖေဖော်ဝါရီ ၃ ရက် (တနင်္လာနေ့)တွင် လည်းကောင်း ပြန်လည်ပြေးဆွဲ ပေးသွားမည်ဖြစ်ပြီး အပတ်စဉ် အမှတ်(၁၄၁)အဆန် သာစည်- ရွှေညောင်ရထားကို သောကြာနှင့် အမှတ်(၁၄၂)အစုန် ရွှေညောင်-သာစည် ရထားကို တနင်္လာနေ့များတွင် ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အမှတ်(၁၄၁) အဆန်ရထားသည် သာစည်မှ နံနက် ၆ နာရီ ထွက်ခွာ၍ ရွှေညောင်သို့ ညနေ ၅ နာရီတွင် လည်းကောင်း၊ အမှတ်(၁၄၂) အစုန်ရထားသည် ရွှေညောင်မှ နံနက် ၇ နာရီ ထွက်ခွာ၍ သာစည်သို့ ညနေ ၆ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ခရီးစဉ်အစအဆုံးအတွက် လက်မှတ်ခမှာ ရိုးရိုးတန်း ငွေကျပ် ၉၀၀၀ နှုန်းနှင့် အထက်တန်း လက်မှတ်ခမှာ ငွေကျပ် ၁၂၀၀၀ နှုန်း ဖြစ်သည်။



သာစည်-လှိုင်းတက်ကြား ရထားလမ်းတာပေါင် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

ထို့ပြင် ပြည်တွင်းမှ ခရီးသွားလာမည့် ပြည်သူများ၊ နိုင်ငံခြားသား ခရီးသွားလာသူများအား ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ရေမြေတောတောင် သဘာဝရှုခင်းများ၊ ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ အောင်ပန်း-ကလော (အသွား-အပြန်) ခရီးစဉ်နှင့် ကလော-မြင်းဒိုက် (အသွား-အပြန်) ခရီးစဉ်များကို ခရီးသည် ၁၅ ဦး လိုက်ပါစီးနင်းနိုင်သည့် RGC ရထားစင်းလုံးငှား ခရီးစဉ်အဖြစ် ပုဂ္ဂလိက ခရီးသွားလာရေးအဖွဲ့များ၊ မိသားစုများ၊ လေ့လာရေးအဖွဲ့များအနေဖြင့် ခရီးစဉ်တစ်ခုအတွက် (အသွား-အပြန်) ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် စိတ်ပါဝင်စားသည့် မည်သူမဆို ဇန်နဝါရီ ၂၄ ရက် မှစတင်၍ ငှားရမ်းစီးနင်းနိုင်မည်ဖြစ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့ စေရေးအတွက် အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုန်းလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်း လမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား- မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သာစည်-လှိုင်းတက်ကြား တံတားအမှတ်(၂၈)ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

# သရက်ခရိုင်ပြည်သူ့ဆေးရုံ၌ မီးသတ်ဆေးဘူး အသုံးပြုနည်းသရုပ်ပြသ



သရက် ဇန်နဝါရီ ၂၄

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှုအရ သရက်ခရိုင်ပြည်သူ့ဆေးရုံ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးသတ်ဆေးဘူးအသုံးပြုနည်းသရုပ်ပြပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သရက်ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ အခမ်းအနားတွင် သရက်ခရိုင် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ဒေါက်တာညွှန့်ရွှေအောင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်က မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရာ၌ မီးသတ်ဆေးဘူးအား အသုံးပြုနည်းများကို ရှင်းလင်းပြောကြားပေးခဲ့ရာ ကျန်းမာရေးဝန်ထမ်းများက သိရှိလိုသည်များမေးမြန်းရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးကိုအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်မီးငြိမ်းသတ်နည်းများကို ပြသဆောင်ရွက်ရာ ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းပါဝင် သရုပ်ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**




**■ ရိန်းဂျားစ်အသင်းမှ**

အိုလံပီယာကို့စ်အသင်းက ပေါ်တိုအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဗစ်တိုးရီးယားပယ်လ်ဇန်အသင်းက အန်ဒါလက်ချ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ လာဇီယိုအသင်းက ရီးယဲလ်ဆိုစီဒက်အသင်းကို သုံးဂိုး-တစ်ဂိုး စသဖြင့် အသီးသီးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိ ယူရိုပါလိဂ်ပွဲစဉ်ခုနစ်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ လာဇီယိုအသင်းက ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၉ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေပြီး အဆင့် (၂)နေရာမှာ ဖရန့်ဖက်အသင်း၊ အဆင့်(၃)နေရာမှာ ဘီဘာအိုအသင်းတို့က အသီးသီးရပ်တည်နေတာ ဖြစ်ပါတယ်။ **ငွေကြယ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပါဝင်ပြသရေး ညှိနှိုင်းစည်းဝေး

**မုံရွာ ဇန်နဝါရီ ၂၄**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပါဝင်ပြသရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကူညီဆောင်ရွက်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများနှင့် အဝတ်အထည်များကို လုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ စုံလင်စွာပြသ/ရောင်းချသွားကြရန် လိုအပ်ကြောင်း၊ လိုက်ပါဆောင်ရွက်ကြမည့် တာဝန်ရှိသူများအနေဖြင့်လည်း ယခင်နှစ်များမှ အတွေ့အကြုံကောင်းများကို ရယူကာ ယခုနှစ်ပြပွဲနှင့် ပြိုင်ပွဲများတွင်လည်း အောင်မြင်အောင် ပေါင်းစပ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပါဝင်ပြသသွားမည့် တိုင်းဒေသကြီးအတွင်းမှ ဒေသအလိုက်ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ငွေထည်/ကြေးထည်နှင့် အဝတ်အထည်များ ပြသရောင်းချသွားမည့် အခြေအနေများနှင့် ပတ်သက်၍ မိမိတို့တာဝန်ယူဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။



ဆက်လက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပါဝင်ပြသသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီး၌ စာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ထားဝယ် ဇန်နဝါရီ ၂၄**

တနင်္သာရီ တိုင်းဒေသကြီး စာအောင်ဆုနှင်းသဘင် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်စာမေးပွဲနှင့် နိကာယ်စာမေးပွဲများတွင် တိုင်းဒေသကြီးအတွင်းရှိ စာဖြေဌာနများမှ ဖြေဆိုအောင်မြင်တော်မူကြသည့် ရဟန်း/သာမဏေ၊ သီလရှင်များအား ချီးကျူးဂုဏ်ပြု ပူဇော်နိုင်ရေး စာအောင်ဆုနှင်းသဘင် အခမ်းအနား ကျင်းပနိုင်ရေးအတွက် ကော်မတီများနှင့် တွေ့ဆုံပြီး ညှိနှိုင်းရခြင်း ဖြစ်ကြောင်း၊ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက် ရှိကြောင်း၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း ခရိုင်များတွင် တစ်ပြိုင်တည်း ကျင်းပသွားမည် ဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။



**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ကော်မတီဝင်များက အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး၊ သံဃာတော်များ ပင့်လျှောက်ရေး၊ ဧည့်သည်တော်များ ကြိုဆိုနေရာချထားရေးနှင့် သယ်ယူပို့ဆောင်ရေး၊ စာအောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်ရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ကျန်းမာရေး စသည့်ကော်မတီအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အသက် ၇၅ နှစ်အထက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ချီးမြှင့်ငွေများပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာ နယ်မြေအလိုက် အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို အခမ်းအနားဖြင့် ချီးမြှင့်ငွေများပေးအပ်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် အသက် ၇၅ နှစ်ပြည့်၊ အသက် ၈၀ ပြည့်၊ အသက် ၈၅ နှစ်ပြည့်၊ အသက် ၉၀ ပြည့်နှင့် အသက် ၉၅ နှစ်ပြည့် အဖွဲ့ဝင် ၂၉၂၇ ဦးအား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၄၆ ဒသမ ၃၅ သန်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်းနှင့် နှစ်စဉ် အသက်အပိုင်းအခြားအလိုက် ပြည့်မြောက်လာသူများကို တစ်ကြိမ်စီ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# နေပြည်တော်၌ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ်မြောက် ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၄

ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ်မြောက် ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲ”ကို ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ငါးရက်တိုင်တိုင် နေ့စဉ်နံနက် ၉ နာရီ မှ ညနေ ၄ နာရီအထိ နေပြည်တော် ပျဉ်းမနားမြို့ “မင်္ဂလာကန်တော်ခန်းမ” (မြင်းရုပ်အနီး)၌ ကျင်းပပြီး ဆေးကုမ္ပဏီ ၄၀ က ဆေးဝါးမျိုးစုံတို့ကို ပါဝင်ပြသရောင်းချပေးသွားမည်ဖြစ်သည်။

ဖေဖော်ဝါရီလအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း အရောင်းစင်တာများကို ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးဝါး ရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆေးဝါးသုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သော ဆေးဝါးများကို အဆိုပါဆေးဝါးအရောင်းစင်တာများတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်


ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့


# “(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ” (ပဉ္စမနေ့) ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော “(၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ” ပဉ္စမနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဆက်လက်ကျင်းပသည်။




**သိရှိနားလည်စေရန်**

နံနက်ပိုင်းတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏စီစဉ်မှုဖြင့် ဆေးပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များတွင် ပြောင်းလဲတိုးတက်လာသည့် ဉာဏ်ရည်တုနည်းပညာ အသုံးပြုခြင်းဆိုင်ရာ အကြောင်းအရာများကို ကျန်းမာရေးပညာရှင်များ သိရှိနားလည်စေရန် ရည်ရွယ်လျက် “အနာဂတ်၏ ကျန်းမာရေးပညာရှင်များကို ပုံဖော်ရာတွင် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုခြင်း” “Artificial Intelligence: Shaping the Next Generation of Health Professionals” ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် သဘာပတိများအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ပါမောက္ခ/ဒေါက်တာဖေသက်ခင်နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခဒေါက်တာတင်ထွန်းတို့က ဆောင်ရွက်ကြပြီး အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်-မန္တလေး ဆေးပညာဌာနမှ ပါမောက္ခဒေါက်တာ မောင်မောင်ဦးက ဆေးပညာသင်ကြားရေးတွင် ဉာဏ်ရည်တုနည်းပညာ၏ အရေးပါမှုနှင့် သင်ယူမှုပတ်ဝန်းကျင်တွင် ပြောင်းလဲအသုံးဝင်မှုများကို “AI in Medical Education: Transforming Learning Environments” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆေးတက္ကသိုလ်-တောင်ကြီး ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ အောင်ကျော်သူက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဉာဏ်ရည်တုနည်းပညာ အသုံးပြုခြင်းဆိုင်ရာကျင့်ဝတ်နှင့် စိန်ခေါ်မှုများအကြောင်းကို “Ethics and Challenges in AI-Integrated Healthcare” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ ပပစိုးက ဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဉာဏ်ရည်တုနည်းပညာ၏ အခန်းကဏ္ဍကို “Roles of AI in Medical Research” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် ရောဂါဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ ဇင်မျိုးထွန်းက ရောဂါရှာဖွေရေးနှင့် ကုသရေး လုပ်ငန်းစဉ်များတွင် ဉာဏ်ရည်တုနည်းပညာ၏ အသုံးဝင်မှုများအကြောင်းကို “AI Applications in Clinical Diagnosis and Treatment” ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပါမောက္ခဆရာကြီး ဆရာမကြီးများနှင့် ပညာရှင်များက မေးခွန်းများမေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုတင်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြရာ သဘာပတိကြီးများနှင့် ဟောပြောသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပညာရပ်ဆိုင်ရာဟောပြောပွဲကို ဆက်လက်ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Peking University မှ Professor Yinzi Jin က မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိစေရန် လူထုအခြေပြု ကျန်းမာရေးလုပ်သားများ၏ အလုပ်တာဝန်ခွဲဝေရွှေ့ပြောင်းခြင်းဆိုင်ရာ အကောင်အထည်ဖော်မှုနည်းဗျူဟာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Peking University မှ Dr.Yikai Feng က ဝင်ငွေနည်းပါးခြင်းနှင့် ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံများတွင် လူထုအခြေပြု ကျန်းမာရေးလုပ်ငန်းများကို ထောက်ပံ့ပေးရန် အကောင်အထည်ဖော်မှု နည်းဗျူဟာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ Bangabandhu Sheikh Mujib Medical University မှ Dr.Fatema Shabnam က မိခင်ကျန်းမာရေးစောင့်ရှောက်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခတ်ရောင်ခြည်ဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသားကင်ဆာကုသရေးဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာကောင်းမြတ်ရွှေက လက်ရှိကာလ မြန်မာနိုင်ငံတွင်ကင်ဆာ ဓာတ်ရောင်ခြည်ကုသပေးနေမှုအခြေအနေများ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ပညာရပ်ဆိုင်ရာ ဟောပြောပွဲသို့ တက်ရောက်သော ဆရာကြီး၊ ဆရာမကြီးများက မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ကြသည်။

**အမှာစကားပြောကြား**

ယင်းနောက် သုတေသနညီလာခံပိတ်ပွဲ အခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားများကို ဆက်လက်ကျင်းပရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအေးအေးခင်က အမှာစကားပြောကြားပြီး ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှလှဝင်းက ဆုရွေးချယ်ရေးဆိုင်ရာသုံးသပ်ချက်များ၊ ဆုရရှိသည့်စာတမ်းများနှင့် ဆုရရှိသည့် ပိုစတာများကို ကြေညာသည်။

အကောင်းဆုံး အခြေခံသုတေသနစာတမ်းပထမဆုကို မကွေးတိုင်းပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ မြတ်မြတ်မိုးနှင့်အဖွဲ့၏ “အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်အမျိုးအစား(၁)မျိုးရိုးဗီဇနှင့် ပထမအဆင့် အိပ်ချ်အိုင်ဗွီ ကုသဆေး ဆေးမတိုးသော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်အမျိုးအစား(၁)ရှိသော ရောဂါသည်များရှိ ဆေးယဉ်ပါးမှုအားလေ့လာခြင်း” သုတေသနစာတမ်းကလည်းကောင်း၊ အကောင်းဆုံးအသုံးချသုတေသနစာတမ်းပထမဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာ ဖြူဝင်းအိနှင့်အဖွဲ့၏ “ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိုက်ဆိုနိုက်ယာဇစ်ဆေးယဉ်ပါးတီဘီလူနာများတွင် ပုံမှန်နည်းများဖြင့်ရောဂါရှာဖွေမရနိုင်သော အိုက်ဆိုနိုက်ယာဇစ်နှင့် ရိုင်ဖန်ပီစင်ဆေးနှစ်မျိုးယဉ်ပါးတီဘီများတွေ့ရှိခြင်း (၂၀၂၃-၂၀၂၄)” သုတေသနစာတမ်းကလည်းကောင်း၊ အကောင်းဆုံးကျန်းမာရေးစနစ် သုတေသနစာတမ်းပထမဆုကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒေါက်တာ စိုးမင်းဦးနှင့်အဖွဲ့၏ “မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူများတွင် ကိုယ်လက်ကြံ့ခိုင်မှုအား လေ့လာခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့သော တစ်ကြိမ်လေ့လာမှုသုတေသနတွင် တွေ့ရှိခဲ့သော ကာယကြံ့ခိုင်မှုပျံ့နှံ့မှု” သုတေသနစာတမ်းကလည်းကောင်း၊ အကောင်းဆုံးပိုစတာပထမဆုကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒေါက်တာ စိုးမင်းဦးနှင့် အဖွဲ့၏“ ဆီးချိုရောဂါအကြိုရှိသူများတွင်ပြင်းထန်သော အေရိုးဗစ်လေ့ကျင့်ခန်းသို့မဟုတ် ခွန်အားလေ့ကျင့်ခန်းတို့အနက် နှလုံးနှင့်ဇီဝဖြစ်စဉ်ကျန်းမာရေးကို ပိုမိုကောင်းမွန်စေရန်အတွက် မည်သည့်လေ့ကျင့်ခန်းက ပိုကောင်းသနည်း” သုတေသနပိုစတာကလည်းကောင်း၊ လူငယ်သုတေသီဆု(အသုံးချသုတေသန)ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာထက်စုလှိုင်နှင့် အဖွဲ့၏ “ကိုယ်ဝန်ဆောင်ဆီးချိုလူနာများတွင် ပရိုဘိုင်အိုတစ်ဖြည့်စွက်စာ တိုက်ကျွေးခြင်းဖြင့် ကိုယ်ဝန်ဆောင်ဆီးချိုလူနာများ၏ အင်ဆူလင်ခုခံအားမြင့်မားမှုပြောင်းလဲခြင်း အကျိုးသက်ရောက်မှုကို လေ့လာခြင်း” သုတေသနစာတမ်းကလည်းကောင်း ရရှိခဲ့ပြီး ဆုရွေးချယ်ရေးအဖွဲ့ဝင်များက ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ ONE-170 မှ

ဒုတိယအချီ ၂ မိနစ် ၉ စက္ကန့်တွင် ဆူရီရန် လက်ခ်က လက်သီးချက်ဖြင့် ပွဲသိမ်းခဲ့ခြင်း ဖြစ်သည်။

သန့်ဇင်သည် ONE နှင့် လက်တွဲအပြီး လေးပွဲမြောက်တွင် နှစ်ပွဲမြောက်အရေးနိမ့်ခြင်းဖြစ်ပြီး နှစ်ပွဲဆက်တိုက် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-ONE Championship

# အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ မွေးမြူရေးပညာပေးဆွေးနွေး

အုတ်တွင်း ဇန်နဝါရီ ၂၄

ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာဝင်းဗိုလ် ဦးဆောင်၍ အုတ်တွင်းမြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ဝန်ထမ်းများနှင့်အတူ အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့မွေးမြူရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး အတွက် မွေးမြူရေးပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင်းဗိုလ်၊ တောင်ငူခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာနေစိုးနှင့် အုတ်တွင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်တို့က အုတ်တွင်းမြို့နယ်အတွင်းရှိ အင်ဒိုင်းကျေးရွာ၊ နတ်စင်ကုန်းကျေးရွာများသို့ သွားရောက်၍ ကျေးရွာနေပြည်သူများ၊ မွေးမြူသူတောင်သူများအား မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးနည်းပညာများ၊ မျိုးကောင်း မျိုးသန့်ရရှိရေး၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးနှင့် အရင်းအနှီးသွင်းအားစုရရှိရေးတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ထိခိုက်လွယ်အုပ်စုများအား ချီးမြှင့်ငွေပေးအပ်ပွဲ တက်ရောက် လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှု ကြည့်ရှုစစ်ဆေး



**စစ်တွေ ဇန်နဝါရီ ၂၄**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လူမှုဝန်ထမ်းဦးစီးဌာန၏ ယာယီတိုက်ပွဲရှောင်များနှင့် မြို့ပေါ်ရပ်ကွက်များရှိ ထိခိုက်လွယ်အုပ်စုများအား ချီးမြှင့်ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

**တိုက်တွန်းပြောကြား**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ယနေ့ အခမ်းအနားသည် စစ်တွေမြို့တွင်ရှိသော ယာယီတိုက်ပွဲရှောင်များ၊ မြို့ပေါ်ရပ်ကွက်များမှ ထိခိုက်လွယ်အုပ်စုဖြစ်သည့် အသက် (၇၅) နှစ်အထက် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ငါးနှစ်အောက်ကလေးငယ်များအား ချီးမြှင့်ပေးအပ်ပွဲဖြစ်ကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်တွင်ရှိသော ဘိုးဘွားသက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များအပေါ်တွင် စာနာနားလည်ရင်း နိုင်ငံတော်အစိုးရနှင့် အတူ ဝိုင်းဝန်းပူးပေါင်း ကာကွယ်စောင့်ရှောက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီးတို့က ယာယီတိုက်ပွဲရှောင်များ၊ သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးများအား ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက် ကလေးများအား ချီးမြှင့်ငွေများ ပေးအပ်ကြပြီး ဘိုးဘွားရိပ်သာစောင့်ရှောက်မှုအသင်း (စစ်တွေ)မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များသည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အမ်ဗွီရဲထွန်းအောင်သင်္ဘောသည် ရန်ကုန်မြို့မှ ဆန်နှင့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် တည်ဆောက်ရေးပစ္စည်းများ စုစုပေါင်း ကုန်တန်ချိန် ၁၆၄၃ ဒသမ ၅ တန် တင်ဆောင်၍ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါ သင်္ဘောများမှ ကုန်ပစ္စည်းများ ကုန်တင်၊ ကုန်ချပြုလုပ်နေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ကုန်ပစ္စည်းများကို စနစ်တကျ အတင်အချပြုလုပ်နိုင်ရေး၊ ဈေးကွက်အတွင်း အမြန်ဆုံးဖြန့်ဖြူးရောင်းချရေး၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဘုရားကြီးမြို့ ကန်သာယာစာကြည့်တိုက်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်

**ပဲခူး ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် ဘုရားကြီးမြို့၌ ကန်သာယာစာကြည့်တိုက်ကို တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်တို့က ကန်သာယာစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး စာကြည့်တိုက် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ လူငယ်များ စာပေဖတ်ရှုမှုများပြားလာစေရေးနှင့် စာကြည့်တိုက်ကို နေ့စဉ်ဖွင့်ထားရန် မှာကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စာကြည့်တိုက်သို့ စာပေလာရောက်ဖတ်ရှုနေသည့် လူငယ်များအား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ပြီး စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်စာစောင်များနှင့် အလှူငွေကျပ်သိန်း ၃၀ ပေးအပ်ခဲ့ကာ စာကြည့်တိုက်ဖွင့်ပွဲတွင် လာရောက်ဖျော်ဖြေခဲ့သည့် မြန်မာ့ရိုးရာအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်သူလယ်သမားနေ့ ကျင်းပမည့် ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ကျိုက်ပညာယျစေတီတော်မြတ်ကြီးဘေး၌ စပါး၊ ပြောင်း၊ နေကြာ၊ ပဲမျိုးစုံ စံပြစိုက်ခင်းများနှင့် စားဖိုဆောင်သီးနှံစုံ စိုက်ခင်းများကို သွားရောက်ကြည့်ရှုခဲ့ပြီး ခြံလှောင်မွေးမြူရေးစနစ်များလည်း ပြသသွားရန်၊ စေတီတော်မြတ်ကြီး၏ ရင်ပြင်ပတ်လည်တွင် စိမ်းလန်းစိုပြည်စေရေးနှင့် သန့်ရှင်း သပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်ရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပျဉ်းမနားမြို့နယ်၌ ကျေးရွာစာကြည့်တိုက်နှစ်တိုက် ဖွင့်လှစ်



**ပျဉ်းမနား ဇန်နဝါရီ ၂၄**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် သနပ္ပင်ဆိပ်(အနောက်)ကျေးရွာ "ပညာပျိုးခင်း" စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ "ပညာပျိုးခင်း" စာကြည့်တိုက် အဆောက်အအုံအသစ်ကို နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ပျဉ်းမနားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် သနပ္ပင်ဆိပ်ကျေးရွာ ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမှာစကားပြောကြားပြီး စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးထံ လွှဲပြောင်းပေးအပ်ကာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် MRTV DTH စလောင်းနှင့် MRTV DVB- T2 Set Top Box တစ်စုံနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။ ထို့ပြင်စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာ "ပညာဘဏ်" စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပျဉ်းမနားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး ဦးစိုးတင့် (ရောဝတီ)နှင့် ကူးတို့ဆိပ်ကျေးရွာ ရပ်မိရပ်ဖ ဦးမိုးဆွေတို့နှင့်အတူ "ပညာဘဏ်" စာကြည့်တိုက် အဆောက်အအုံအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမှာစကားပြောကြားပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် MRTV DTH စလောင်းနှင့် MRTV DVB- T2 Set Top Box တစ်စုံနှင့် စာအုပ်စာစောင်များ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများကို ပေးအပ်ကာ စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ထားရှိမှု အခြေအနေများနှင့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုကိုကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စာကြည့်တိုက် စုစုပေါင်း ၅၈ တိုက် ဆောက်လုပ်ရန် လျာထားလျက်ရှိရာ ဆောက်လုပ်ပြီးစီးသည့် စာကြည့်တိုက် စုစုပေါင်း ၂၄ တိုက် အနက် ၁၁ တိုက်ကို ဖွင့်လှစ်ပြီးစီးခဲ့ပြီဖြစ်ပြီး ယနေ့ဖွင့်လှစ်ခဲ့သော စာကြည့်တိုက် နှစ်တိုက်မှာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# နျူကလီးယားလက်နက်ကင်းစင်ရေး ရုရှား၊ တရုတ်နိုင်ငံတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဆန္ဒရှိ

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် ရုရှား၊ တရုတ်နိုင်ငံတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ဒေါ်နယ်ထရမ့်သည် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ဇန်နဝါရီ ၂၃ ရက်က ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်၌ အွန်လိုင်းမှတစ်ဆင့် မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ကြောင်း သိရသည်။

နျူကလီးယားလက်နက်ဖွံ့ဖြိုးရေးအတွက် ငွေကြေးအမြောက်အမြားသုံးစွဲမှုကို ရပ်တန့်သင့်ကြောင်းနှင့် အဆိုပါအဖျက်လက်နက်သည် ကမ္ဘာ့နိုင်ငံသားများအတွက် စိတ်မချမ်းမြေ့စရာများကို ယူဆောင်ပေးသဖြင့် နျူကလီးယားလက်နက်ကင်းစင်ရေးကို ဆောင်ရွက်သင့်ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

ထို့ပြင် နျူကလီးယားကင်းစင်ရေးနှင့်ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ယခင်က ဆွေးနွေးမှုကို ဒေါ်နယ်ထရမ့်က ပြန်လည်ပြောကြားခဲ့သည်။ ရုရှားသမ္မတ ပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် နျူကလီးယားလက်နက် ကင်းစင်ရေးနှင့်ပတ်သက်ပြီး ဆန္ဒရှိသူများဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

ကမ္ဘာပေါ်တွင် နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် အဆိုပါနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ဆက်လက်ပြောကြားကြောင်း သိရသည်။

အမေရိကန်နှင့် ရုရှား နိုင်ငံတို့သည် နျူကလီးယားထိပ်ဖူးများစွာကို ပိုင်ဆိုင်ထားသည့်နိုင်ငံများဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**




# ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုဗိုင်းရပ်စ်အမျိုးအစား 1 (WPV1) ကူးစက်ခံရသူတစ်ဦးကို ယခုနှစ်အတွင်း ပထမဆုံးအကြိမ် တွေ့ရှိ

**အစ္စလာမာဘတ် ဇန်နဝါရီ ၂၄**

ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုဗိုင်းရပ်စ်အမျိုးအစား 1 (WPV1) ကူးစက်ခံရသူတစ်ဦးကို ယခုနှစ်အတွင်း ပထမဆုံးအကြိမ် တွေ့ရှိခဲ့ကြောင်း ပါကစ္စတန်အမျိုးသားကျန်းမာရေး အင်စတီကျူကယနေ့ အတည်ပြုပြောကြားသည်။

အဆိုပါ ရောဂါကူးစက်ခံရသူကို ၂၀၂၄ ခုနှစ်အတွင်း ပိုလီယိုရောဂါကူးစက်ခံရသူပေါင်း ၇၃ ဦးအနက် ၁၁ ဦးတွေ့ရှိခဲ့သည့် ဒီရာအစ်ဆာမယ်လ်ခန်ခရိုင်အနောက်မြောက်ပိုင်းတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း၌ ယမန်နှစ်အတွင်း ပိုလီယိုရောဂါကာကွယ်ဆေးများကို ငါးနှစ်အောက်ကလေးငယ်များအား တိုက်ကျွေးခဲ့သည်။

ယခုနှစ် ကာကွယ်ဆေးတိုက်ကျွေးမှုအစီအစဉ်ကို လာမည့်လတွင် စတင်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

ယမန်နှစ်အတွင်း ရောဂါကူးစက်ခံရသူ ၇၃ ဦးအနက် ဘာလိုချီစတန်ပြည်နယ်မှ ၂၇ ဦး ဖြစ်ပြီး ခန်ဘာပတ်ထောင်ခွာပြည်နယ်မှ ၂၂ ဦး ဆင်းရှ်ပြည်နယ်မှ ၂၂ ဦး၊ ပန်ဂျက်ပြည်နယ်နှင့် မြို့တော် အစ္စလာမာဘတ်တို့မှ တစ်ဦးစီတို့ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# ၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွား ၃၆ ဒသမ ၈ သန်းနီးပါးရှိခဲ့

**တိုကျို ဇန်နဝါရီ ၂၄**

၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွား ၃၆ ဒသမ ၈ သန်းနီးပါး ရှိခဲ့ကြောင်း သိရသည်။

အဆိုပါအရေအတွက်သည် ၂၀၂၃ ခုနှစ်ကထက် ၄၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှု အေဂျင်စီမှ ထုတ်ပြန်သောကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် ၂၀၁၉ ခုနှစ်တွင် သတ်မှတ်ထားသည့် စံချိန်ထက်ကျော်လွန်ပြီး စာရင်းဇယားများစတင်မှတ်တမ်းတင်သည့် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း နိုင်ငံခြားသားခရီးသွားအရေအတွက် အများဆုံး ဝင်ရောက်ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသွားအရေအတွက် ၃၅၃၀၀၀ အထိ လျော့ကျခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံအတွင်းသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက် သိသိသာသာ မြင့်တက်လာကြောင်း သိရသည်။

နိုင်ငံအတွင်းသို့ နိုင်ငံခြားသားဝင်ရောက်မှုစာရင်းတွင် တောင်ကိုရီးယားနိုင်ငံသည် ၈ ဒသမ ၆ သန်းဖြင့် အများဆုံးဖြစ်ပြီး တရုတ် (တိုင်ပေ)မှ ၅ ဒသမ ၇ သန်း၊ တရုတ်နိုင်ငံမှ ၅ ဒသမ ၅ သန်းနှင့် အမေရိကန်နိုင်ငံမှ ၂ ဒသမ ၆ သန်းတို့ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို လာမည့်သီတင်းပတ်တွင် ပနားမားနိုင်ငံသို့ သွားရောက်မည်

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုသည် လာမည့်သီတင်းပတ်တွင် ပနားမားနိုင်ငံသို့ သွားရောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပနားမားနိုင်ငံ၏ အဓိက သင်္ဘောလမ်းကြောင်းဖြစ်သည့် ပနားမားတူးမြောင်းကို အမေရိကန်က ပြန်လည်ထိန်းချုပ်သင့်သည်ဟု သမ္မတ ဒေါ်နယ်ထရမ့်၏ မှတ်ချက်စကားနှင့်ပတ်သက်ပြီး စိုးရိမ်မှုများထွက်ပေါ်လျက်ရှိသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို၏ အဆိုပါခရီးစဉ်ကို အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ တမ်မီဘရုစ်က ဇန်နဝါရီ ၂၃ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

ယင်းခရီးစဉ်သည် အမေရိကန်ထိပ်တန်းသံတမန်အဖြစ် မာကိုရူဘီယို၏ ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည်။

ပနားမားတူးမြောင်းကို အမေရိကန်က တည်ဆောက်ခဲ့ပြီး လက်ရှိတွင် ပနားမားအစိုးရက စီမံခန့်ခွဲလျက်ရှိသည်။

တူးမြောင်းအသုံးပြုမှုအတွက် အခကြေးငွေကောက်ခံနှုန်းပမာဏ များပြားကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။ အမေရိကန် သင်္ဘောများအပေါ် ဖြတ်သန်းခွင့်ဆိုင်ရာ အခကြေးငွေမျှတစွာ ကောက်ခံခြင်းမရှိပါက ပနားမားတူးမြောင်းကို ပြန်လည်ရရှိရန် အမေရိကန်နိုင်ငံက တောင်းဆိုနိုင်ကြောင်း ဒေါ်နယ်ထရမ့်က ပြောသည်။

ဒေါ်နယ်ထရမ့်၏ ပြောကြားချက်ကို ပနားမားအစိုးရက ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး ကုလသမဂ္ဂကလည်း စိုးရိမ်လျက်ရှိကြောင်း ပြောကြားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုသည် ၎င်း၏ခရီးစဉ်အတွင်း ပနားမားတူးမြောင်းကိစ္စကို ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် တောမီးလောင်ကျွမ်းမှု ထပ်မံဖြစ်ပွား

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် ယမန်နေ့က တောမီးလောင်ကျွမ်းမှု ထပ်မံဖြစ်ပွားခဲ့ရာ ဒေသခံ ၅၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် သတိပေးချက်များ ထုတ်ပြန်ခဲ့ကြောင်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

ဟာရူးစ်ခရိုင်၏ မြောက်ဘက်ဆင်ခြေဖုံးရှိကာစ်တစ်ရေးယာတွင် ဇန်နဝါရီ ၂၂ ရက်က တောမီးစတင်လောင်ကျွမ်းခဲ့သည်။

၆ နာရီအတွင်း ၃၈ စတုရန်းကီလို မီတာခန့်လောင်ကျွမ်းခဲ့ကြောင်း မီးသတ်အရာရှိများက ပြောကြားသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့်သေဆုံးသူနှင့် ပျောက်ဆုံးသူအရေအတွက်ကို အတိအကျမသိရသေးပေ။

မီးသတ်သမားများသည် ဇန်နဝါရီ ၇ ရက်က ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ပါလစ်ဆာဒီစ်နှင့် အယ်လ်တာဒီနာ ဒေသများတွင် ဖြစ်ပွားခဲ့သော တောမီးလောင်ကျွမ်းပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုအတွင်း ၂၈ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားပြီး ၎င်းတို့ကို ဖော်ထုတ်ရန် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဘေးဒဏ်သင့်ဒေသများသို့ သွားရောက်မည်ဖြစ်ကြောင်း ပြောကြားသည်။




လေပြင်းတိုက်ခတ်မှုကြောင့် မီးလောင်ကျွမ်းမှုများ ဆက်လက်ဖြစ်ပေါ်စေနိုင်သဖြင့် ပြည်သူများအား သတိဝီရိယဖြင့် နေထိုင်ကြရန် မိုးလေဝသတာဝန်ရှိသူများက တိုက်တွန်းပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၄

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့်တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၉၈၈ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၁၇၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျုံပျော်ခရိုင်၊ ပုသိမ်ခရိုင်နှင့် မြန်အောင်ခရိုင်တို့ အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၁၄၆ တန်၊ သစ်မာ ၅ ဒသမ ၂၈၉ တန်၊ အခြားသစ် ၂၂ ဒသမ ၉၃၈ တန်(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၁၂၇၃)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၆၈၈ တန်၊ အခြားသစ် သုည ဒသမ ၀၂၃ တန်(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၈၇၄၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့ အတွင်း၌ တရားမဝင်သစ်မာ ၁ ဒသမ ၅၇၆ တန်၊ အခြားသစ် သုည ဒသမ ၇၃၅ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၁၆၄၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပြည်ခရိုင် ပြည်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ Hijet Pick Up ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၃၇၁၆၄၀)ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ TTC ကျောင်းရှေ့ မြို့အဝင် စစ်ဆေးရေးဂိတ်၌ ထီလုံမှ ဘားအံသို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၁၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံး အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၈၈၆၀၅၀၈)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၉၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၂၅၁၂) ကိုလည်းကောင်း(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၈၄၀၃၀၂၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၇၉၆၅၈၅၃)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်း လာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ပေါ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီး တစ်ဦး သေဆုံးပြီး အဆောက်အအုံတချို့ ထိမှန်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ပေါ်သို့ ဇန်နဝါရီ ၂၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီး တစ်ဦး သေဆုံးပြီး အဆောက်အအုံတချို့ ထိမှန်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် သတင်းများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် နယ်မြေများအား ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၁-၂၀၂၅ စနေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အင်္ဂုလိမာလသုတ်၊ တောဇျင်္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ Weekly Sports Info
- ၀၈:၄၀ အနာဂတ်ရဲ့အလှပျိုးခင်း
- ၀၉:၁၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုတိုပြ အစီအစဉ် 'အလှဖြာဝေ ငွေတောင်ပြည်'
- ၀၉:၃၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ လူငယ်ရေးရာအစီအစဉ်
- ၁၁:၀၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၄၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုတိုပြ အစီအစဉ် 'ကယားရိုးရာဝတ်အုံချောင်း'
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ရတနာပုံ' (အပိုင်း-၁၄)
- ၁၃:၃၀ MRTV National News
- ၁၄:၄၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြု အစီအစဉ်
- ၁၆:၅၀ ပုံပြင်ကမ္ဘာအစီအစဉ်
- ၁၇:၁၀ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၂၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
- ၁၇:၃၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြု အစီအစဉ် 'ဒွေးမယ်နော်တို့ပျော်စံရာ ငွေတောင်ပြည်'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဆုတောင်းပြည့်ကြယ်တာရာစကာလာ'** (အပိုင်း-၆၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'ပွဲညရဲ့ဇာတ်ခုံ' (အပိုင်း-၁)

### mitv

- 07:02 Evergreen Classic: Awayyar Horntu (Sein Lei Lei)
- 07:09 Weekly Review
- 07:25 Commercial Farming to GDP Growth, Lady's Fingers Grower
- 07:37 Yokesone Monastery
- 07:41 Myanmar Designer Studio: Latt Latt
- 08:01 News
- 08:26 Wet Markets of Yangon: Thirimingalar Market
- 08:35 Traditional Myanmar Theatrical Performance: The Priceless Legacy of Maha Gita (Myanmar Musical Instruments)
- 08:50 Compelling Benefits of Radiation Technology
- 09:01 Quiz Time (Ep-56)
- 10:01 News

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဂေဟစနစ်မပျက်ယွင်းကချင်ပြည်နယ်က အင်းတော်ကြီး

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားရိုးရာဝတ်အုံချောင်း

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
နေပြည်တော်တိရစ္ဆာန်ဉယျာဉ်

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ထမင်းရည်ရဲ့အာနိသင်အကြောင်းသိကောင်းစရာ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဘိုးဘိုးကြီးနှင့်ယုံကြည်ကိုးကွယ်မှု

**ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
တစ်နိုင်တစ်ပိုင်ရိုးရာငါးပိပြုလုပ်ပုံ

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ဆပ်ဝါထမင်းသုပ်နှင့်ဝက်နံရိုးချဉ်ရည်ဟင်း

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ပေါ်လမြိုင်မြို့ရဲ့အထင်ကရနေရာများ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၀၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၃)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၂၀ တောင်သူအများပြုံးရွှင်ဖို့ ချည်မျှင်ရှည်ဝါ စိုက်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Pickling Seasonal Vegetables in a 200 Liter Wooden Barrel
- ၁၉:၂၀ Home Vegetable Garden Tour
- ၁၉:၄၅ Ma Kyi pyar Reaction (Ep-4)
- ၂၀:၀၀ ၃ (ဇာတ်လမ်း)
- ၂၂:၀၀ Departure (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV / MRTV / MRTV Radio / MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံရင်းနှီးမြှုပ်နှံမှုများသည်အရေးကြီးသည့်အခန်းကဏ္ဍဖြစ်ပါကြောင်း၊ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုရင်းနှီးမြှုပ်နှံလာနိုင်ရေးကို အားပေးဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးကို နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍများကို မြှင့်တင်ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်ပသွင်းကုန် အစားထိုးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးချဲ့ခြင်း၊ လုပ်ငန်းများနှင့် ဆက်စပ်ထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံး တိုးချဲ့ဆောင်ရွက်သွားရေးတို့ကို ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ၂၀၂၅ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော် တပေါင်းကွင်း၌ကျင်းပမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု MSMEထုတ်ကုန်များ အပြင် ဒေသတစ်ခုထွက်ကုန်တစ်ခု အနေဖြင့်လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားလာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကြုံတွေ့နေရသည့် အခြေအနေများ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် စားသောက်ကုန် ထုတ်ကုန်နမူနာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အတူတွဲယှဉ် စုံစုံလင် ယူနန်- မြန်မာ ဒြပ်မဲ့ယဉ်ကျေးမှုအသွင် အခမ်းအနားကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၄**

“ပျော်ရွှင်ဖွယ် တရုတ်နှစ်သစ်ကူး၊ တရုတ်–မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးသီတင်းပတ် အတူတွဲယှဉ် စုံစုံလင် ယူနန် –မြန်မာ ဒြပ်မဲ့ယဉ်ကျေးမှုအသွင် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ တရုတ်ယဉ်ကျေးမှုစင်တာ (ရန်ကုန်) ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Ms. Cao Jing နှင့် မြန်မာနိုင်ငံစာရေးဆရာများအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး) တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ယူနန်ပြည်နယ်ပြတိုက် ဒုတိယပြတိုက်မှူး ဖန်းဟိုင်ထောင်းက “မြွေယဉ်ကျေးမှု” အကြောင်းကိုလည်းကောင်း၊ ယူနန်ပြည်နယ် ပြတိုက်သုတေသနနှင့် ဖလှယ်ရေးဌာန ဌာနမှူး သုတေသီကောကျားက “ယူနန်ပြည်နယ် ပွဲတော် ယဉ်ကျေးမှု”အကြောင်းကိုလည်းကောင်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဦးခိုင်ထွန်းက မြန်မာပွဲတော် ယဉ်ကျေးမှုအကြောင်းကိုလည်းကောင်း မိတ်ဆက် ဟောပြောကြသည်။

ယင်းနောက် China Media Group (Yangon Bureau) သတင်းထောက် ကျန်းရှောင်နင်နှင့် မြန်မာနိုင်ငံ Skynet ရုပ်သံလွှင့်ဌာနမှ ထုတ်လုပ်သူ ဒေါ်ခင်ငြိမ်းချမ်းကျော်တို့က နှစ်နိုင်ငံပူးပေါင်း၍ ရုပ်သံအစီအစဉ်များ ရိုက်ကူးခဲ့သည့် အတွေ့အကြုံများကို မျှဝေပေးကြပြီး မန်စီမြို့ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့က ပျော်ရွှင်ကြည်နူးဖွယ် အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသူများသည် ပျော်ရွှင်ဖွယ် တရုတ်နှစ်သစ်ကူး တရုတ် –မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး သီတင်းပတ် အစီအစဉ်များကို ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**ဇော်မင်းလတ်–MNA**

# တရုတ်နှစ်သစ်ကူးအကြို Chinese New Year Mandalar Expo ဈေးရောင်းပွဲတော် ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၄**

တရုတ်နှစ်သစ်ကူးအကြို Chinese New Year Mandalar Expo ဈေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မင်္ဂလာမန္တလေး Promotion Area ၌ ကျင်းပသည်။

**ခင်းကျင်းရောင်းချ**

အဆိုပါ ဈေးရောင်းပွဲတော်တွင် အစားအသောက်၊ Fashion၊ အလှအပရေးရာ၊ လူသုံးကုန်နှင့်စားသောက်ကုန် မျိုးစုံနှင့်အတူ လူကြီး၊ လူငယ်အကြိုက် ဈေးဆိုင်ခန်းပေါင်းများစွာဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းရောင်းချပေးပြီး ပစ္စည်းအမျိုးအစားအလိုက် Promotion အစီအစဉ်များကိုလည်း ထည့်သွင်းပေးသည်။




အဆိုပါ ဈေးရောင်းပွဲတော် စီစဉ်သူ IRIS Media & Marketing မှ ဦးဟိန်းထက်စိုး က “ဒီနေ့ဈေးရောင်းပွဲကြီးမှာ ပစ္စည်းအမျိုးအစားအလိုက် အထူး ပရိုမိုးရှင်းတွေလည်းရှိတယ်။ တချို့သော ဆိုင်ခန်းတွေမှာဆိုလည်း ဗလာမပါ ကံစမ်းမဲအစီအစဉ်တွေ၊ Lucky Draw အစီအစဉ်တွေ စသဖြင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ အစီအစဉ်တွေနဲ့ ပါဝင်ရောင်းချပေးနေတာဖြစ်ပါတယ်။ ဒီနေ့ပွဲမှာလည်း ဈေးရောင်းချနေတာမျိုး သီးသန့်မဟုတ်ဘဲ ဖျော်ဖြေရေးအစီအစဉ်တွေလည်း ထည့်သွင်းထားပါတယ်။ ဒါကြောင့် ပွဲတော်ကိုလာရောက်ဆင်နွှဲကြဖို့ ဖိတ်ခေါ်လိုပါတယ်” ဟုပြောသည်။

ဈေးရောင်းပွဲတော်သို့ လာရောက်ဆင်နွှဲသူတစ်ဦးကလည်း “မင်္ဂလာမန္တလေးမှာ မန္တလေးပြည်သူတွေ လာရောက် အပန်းဖြေလည်ပတ်နိုင်ဖို့ အတွက်ပွဲတော်တွေ အစီအစဉ်တွေ မကြာခဏစီစဉ်ဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။ အခုဆိုရင်လည်း တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် ဈေးရောင်းပွဲတော် ကျင်းပစီစဉ်ပေးတဲ့အပြင် ပရိုမိုးရှင်း အစီအစဉ်တွေလည်း ပါဝင်တဲ့အတွက် ဈေးဝယ်ရတာ ပျော်ရွှင်စရာကောင်းပါတယ်။ ဝယ်ချင်တဲ့ပစ္စည်းတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူခွင့်ရခဲ့တဲ့အပြင် ဖျော်ဖြေရေးအစီအစဉ်တွေ ပါဝင်တဲ့အတွက်လည်း စိတ်အပန်းပြေခဲ့ပါတယ်” ဟုပြောသည်။

**ပါဝင်ဆင်နွှဲလည်ပတ်နိုင်**

ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၁၀နာရီမှ ညနေ ၆နာရီအထိ ရောင်းချပေးသွားမည် ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ပျော်ရွှင်စွာ လာရောက် ပါဝင်ဆင်နွှဲလည်ပတ်နိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**○ ကျောဖုံးမှ**

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှိမ္ဗကားကျေးရွာနှင့် ငါးရယ်ကျေးရွာတို့အကြား၊ ရေဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိပါသည်။ မင်းတုန်းမင်းတရားကြီး လက်ထက် ၁၂၂၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်တွင် ရှိမ္ဗကားတောရကြီးကျောင်းနယ်မြေအဖြစ် မူလပထမ ရွှေကျင်ဆရာတော်ဘုရားကြီးထံ လှူဒါန်းခဲ့ပြီး သီတင်းသုံးနေထိုင်သည့် ဆရာတော်ကြီးများက ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် တောတောင်သဘာဝအလှအပရှုခင်းများ၊ အဖိုးတန်ရှေးဟောင်းယဉ်ကျေးမှုလက်ရာများဖြင့် ခံ့ညားထည်ဝါနေသော အဆောက်အအုံများ ယနေ့တိုင် ပျက်စီးပျောက်ကွယ်သွားခြင်းမရှိဘဲ တည်ရှိနေပါသည်။

ရှိမ္ဗကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၃၂၇ ဧကရှိသောဒေသတွင် သဘာဝဝန်းကျင်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာအဖွဲ့ (IUCN)၏ ကာကွယ်ထိန်းသိမ်းမှုအဆင့် သတ်မှတ်ချက်အရ မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ် (Endangered–EN) စာရင်းဝင် ရှားပါး၍ မြန်မာနိုင်ငံတွင်သာ ပေါက်ဖွားကျက်စားလျက်ရှိသော မျိုးစိတ် (Endemic Species – ED) ဖြစ်သည့် မြန်မာ့ရွှေသမင်များနှင့် တောကြောင်မျိုးစိတ်များ၊ ရှဉ့်၊ တွားသွားသတ္တဝါများနှင့် ခါ၊ ရွှေပြည်စိုး၊ ကြက်တူရွေး စသည့်ငှက်မျိုးစိတ်များ ကျက်စားရာဒေသဖြစ်သောကြောင့် ရေရှည်တည်တံ့စေရန်အတွက်လည်းကောင်း၊ အပူပိုင်းတောခြောက်အမျိုးအစားတွင် ရှင်သန်ပေါက်ရောက်သည့် သန်း၊ ဒဟတ်၊ တမာ၊ ရှား၊ ကုက္ကို စသည့်သစ်မျိုးများနှင့် အခြားအပင်မျိုးစိတ်များ ပေါက်ရောက်ခြင်းကြောင့် အပူပိုင်းဒေသဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက်လည်းကောင်း ရည်ရွယ်၍ **“ရှိမ္ဗကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော”** အဖြစ် သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

ရှိမ္ဗကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တည်ထောင်ထိန်းသိမ်းခြင်းအားဖြင့် မြန်မာ့ရွှေသမင်များ ကျက်စားနေထိုင်ရာနေရင်းဒေသများအား ရေရှည်တည်တံ့စေရန် စောင့်ရှောက်နိုင်ခြင်း၊ အပူပိုင်းသစ်တောဂေဟစနစ်များနှင့် သစ်တောဖုံးလွှမ်းမှု ပိုမိုကောင်းမွန်လာပြီး ထာဝစဉ်တည်ရှိနေခြင်းအားဖြင့် ရာသီဥတုမျှတစေခြင်းနှင့် ကောင်းမွန်သော မြေဩဇာ၊ မြေဆီများကို ထိန်းသိမ်းထားနိုင်ခြင်း၊ ရေတိုက်စားခြင်း၊ မြေပြိုခြင်းနှင့် ချောင်းကောခြင်းများကို သက်သာစေနိုင်ခြင်း၊ မြစ်၊ ချောင်းများ ရေစီးရေလာများကောင်းမွန်လာစေခြင်း၊ တောတောင်ရေမြေနှင့် သဘာဝသစ်ပင်များ အမြဲတမ်း စိမ်းလန်းစိုပြည်လာခြင်းကြောင့် တောရိုင်းတိရစ္ဆာန်များအတွက် စားကျက်များကောင်းမွန်ခြင်းနှင့် အကောင်အရေအတွက် တိုးတက်ပွားများလာစေခြင်း၊ တောတောင်ရေမြေသစ်ပင်များ ဖွံ့ဖြိုးကောင်းမွန်လာစေခြင်းအားဖြင့် မြေနိမ့်ပိုင်းလယ်ယာမြေများတွင် သဘာဝမြေဩဇာများ ပေါကြွယ်ဝ၍ စိုက်ပျိုးသည့် ကောက်ပဲသီးနှံများ ပိုမိုဖြစ်ထွန်းလာနိုင်ပြီး ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်



**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့လျက်ရှိရာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးတို့မှ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၇၆၅၃၂၀၀ တန်ဖိုးရှိ ငါးခြောက်ကြော်၊ ဘလချောင်ကြော်၊ ငံပြာရည်ကြော်ဘူး၊ ငါးသေတ္တာဘူး၊ မားမားခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ တီးမစ်၊ ပဲနို့၊ လက်ဖက်၊ ပုစွန်ခြောက်၊ ငါးခြောက်၊ ကြက်သွန်နီ၊ အမယ်စုံ၊ မုန့်မျိုးစုံနှင့် အရေးပေါ်ဆေးဝါးများ စသည်တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ပေးအပ်ကြရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လှူဒါန်းကြသည့် စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ထမ်းမိသားစုများကပေးပို့သော ဆုတောင်းမေတ္တာ စာလွှာများ ပါရှိကြောင်း သိရသည်။

သတင်းစဉ်

## စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ်ဓာတ်ဆီ (RON 68) အား အသုံးပြုရန်သင့်လျော်သည့် မော်တော်ယာဉ်များသို့ ရောင်းချပေးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီဖြန့်ဖြူးရောင်းချနေမှု၊ သုံးစွဲမှုနှင့် ပတ်သက်ပြီး ပြည်သူများ လေ့လာသိရှိနိုင်ရေးအတွက် “ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့” ဆောင်းပါး အပိုင်း(၁)အား ဇန်နဝါရီ ၃ ရက်တွင် လည်းကောင်း၊ အပိုင်း(၂)အား ဇန်နဝါရီ ၁၅ ရက်တွင်လည်းကောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူများထံသို့ အသိပေးဖော်ပြထားပြီးဖြစ်သည်။ ပြည်တွင်းထုတ်ဓာတ်ဆီကို ပထမအဆင့်အနေဖြင့် နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်များဖြစ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တစ်ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ဆိုင် စုစုပေါင်း သုံးဆိုင်တို့အား ဇန်နဝါရီ ၄ ရက်မှစတင်၍ တစ်လီတာလျှင် ကျပ် ၂၂၀၀ နှုန်းဖြင့် မော်တော်ဆိုင်ကယ်နှင့် သုံးဘီးယာဉ်များကိုသာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ယခုအခါ ပြည်သူများ၏ တောင်းဆိုချက်အရ ဒုတိယအဆင့်အနေဖြင့် RON 68 အသုံးပြုရန်သင့်လျော်သည့် အများပြည်သူပိုင် မော်တော်ယာဉ်များ၊ ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်များအား ဇန်နဝါရီ ၂၅ ရက်မှစတင်၍ လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်တွင်းထုတ်ဓာတ်ဆီကိုသုံးစွဲခြင်းဖြင့် ပြည်ပမှစက်သုံးဆီတင်သွင်းမှုကို အထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေခြင်း၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ရေးလွယ်ကူလာခြင်း၊ ဆီစားနှုန်းသက်သာ၍ ကြာရှည်အမောင်းခံခြင်း၊ ပြည်သူလူထုများ နေ့စဉ်ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ ဈေးနှုန်းမြင့်မားစွာဖြင့် ဝယ်ယူသုံးစွဲရမည့်အစား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲလာနိုင်သည့်အတွက် ကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေအထိုက်အလျောက် အထောက်အပံ့ရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## ချောက်မြို့နယ်၌ အခြေခံမီးသတ် သင်တန်းဆင်းပွဲ ကျင်းပ

**ချောက် ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်/လမ်းရွာရေနံမြေရှိ ဌာနဆိုင်ရာဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်နိုင်ရေး အခြေခံမီးသတ်သင်တန်း (၁/၂၀၂၅)ဆင်းပွဲကို ယနေ့နံနက်ပိုင်းက ချောက်/လမ်းရွာရေနံမြေ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာမှူး ဦးမျိုးသူရက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းက သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါ အခြေခံမီးသတ်သင်တန်းတွင် သင်တန်းသား ၃၀ အား ဇန်နဝါရီ ၁၃ ရက်မှ ၂၄ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ငွေကြယ်



ကယားပြည်နယ် လွိုင်ကော်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီထွေးဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်ခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြဆောင်ရွက်ခြင်းတို့ကို ဇန်နဝါရီ ၂၃ ရက်က ဆောင်ရွက်ကြစဉ်။ မောင်ကောင်း

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မိုးညှင်း | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၀ | ၃၂၄၅ | ၃၂၁၀ | ၃၁၄၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၈၅ | ၃၂၀၀ | ၄၅၀၅ | ၃၄၉၅ | ၃၂၂၀ | ၃၂၂၀ | ၃၂၉၀ | ၃၂၅၅ | ၃၂၇၅ | ၃၅၃၅ | ၄၁၀၀ |
| 95 Ron | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၅၆၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၆၅ | ၂၉၀၀ | ၂၉၄၅ | ၂၈၈၀ | ၂၉၈၅ | ၃၀၀၀ | ၃၀၂၀ | ၂၉၃၅ | - | ၃၂၃၀ | ၂၉၅၅ | ၂၉၅၅ | ၃၀၂၅ | ၂၉၉၀ | ၃၀၁၀ | ၃၂၇၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | ၄၈၃၀ | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |
| HSD (10 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | - | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၅၇ | ၃၀၅၀ |
| 95 Ron | ၃၀၂၅ | ၃၁၁၉ |
| HSD (500 ppm) | ၂၇၀၁ | ၂၇၀၄ |
| HSD (50 ppm) | ၃၃၃၇ | ၃၄၃၃ |
| HSD (10 ppm) | ၃၃၃၇ | ၃၄၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်-၅၀၀ နှင့် တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းသို့ ရောက်ရှိရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါနယ်လှည့် ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဘုတ်ပြင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ပုလဲကျွန်း၌ အခြေပြု၍ ပုလဲကျွန်းနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၂၀ အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၇ ဦး၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၂၀၊ အရိုးရောဂါ ၅၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၀ ဦး၊ မျက်စိရောဂါ ၅၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ ခတ်မှန်ရိုက်လူနာ ငါးဦး၊ အာထရာ ဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၀ တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာ နှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်





ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်။

အရင်က ကျွန်တော်မြိတ်မြို့မှာပြပါတယ်။ ခုမြိတ်ထိသွားစရာမလိုဘဲ ပုလဲကျွန်းမှာ ပြရပါတယ်။ မျက်စိတို့ သွေးတိုးတို့ အဖြစ်များပါတယ်။ မျက်စိက ပိုတော့ကောင်းလာတယ်။ ကျေးဇူးတင်ပါတယ်။ ဆေးလည်းပေးပါတယ်။ ဆရာဝန်ကတော့ မျက်စိကို ခွဲစိတ်ပါမယ်တဲ့။ အခုတော့ ဆေးပေးလိုက်ပါတယ်။

ဆီးချို သွေးချိုတို့ ဖြစ်လို့လာပြပါတယ်။ မြို့ကြီးပြကြီး မသွားရတော့ဘူး။ ခရီးဝေးဝေးမသွားရတော့ဘူး။ နောက်ဆုံး မြို့သွားရရင် ပိုက်ဆံတွေအများကြီးကုန်မယ်လေ။ ဒီမှာဆိုတော့ ဘာမှကုန်ကျစရိတ် မရှိဘူး။ အဲဒီလို သံလွင်သင်္ဘောမှာပဲ ကုသဖူးပါတယ်။ ခါးနာနဲ့၊ သွားကိုက်လို့ပြဖူးပါတယ်။ မြို့တွေမသွားရဘဲ ဒီမှာတစ်ခါတည်းပြရတော့ အဆင်ပြေပါတယ်။ အကုန်လုံးကတော့ စေတနာ ဖြူစင်စွာနဲ့ ကုသပေးတာ ကောင်းပါတယ်။ ခုလိုဆေးကုသပေးတဲ့အဖွဲ့ လာကုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဖျာပုံမြို့နယ် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၂၄**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၁၂) ရပ်ကွက်သို့ရောက်ရှိကြရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဖျာပုံမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၈၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၂ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ခုနစ်ဦး၊ ကလေးရောဂါ ၁၇ ဦး၊ အရိုးရောဂါ ၉၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၈ ဦး၊ မျက်စိရောဂါ ၄၃ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ လေးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး အခွန်လွတ်သာသနာ့မြေဂရန် ဆက်ကပ်လှူဒါန်း

**ဘားအံ ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပပြုလုပ်သော အခွန်လွတ်သာသနာ့မြေဂရန် ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ အမှတ် (၉) ရပ်ကွက် ခွယ်ကဘောင်ပညာဥယျာဉ်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်သြဝါဒါစရိယကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။



ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သာသနာရေးဆိုင်ရာများနှင့် ဝမ်းမြောက်စကားတို့ကို လျှောက်ထားတင်ပြပြီး ဘားအံမြို့ အမှတ် (၁) ရပ်ကွက် သာသနဟိတရေကြာအင်းကျောင်း အခွန်လွတ်သာသနာ့မြေဂရန်သုည ဒသမ ၈၁၉ ဧကအား ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကုလန္ဒာစာရထံသို့လည်းကောင်း၊ ဘားအံမြို့ အမှတ် (၉) ရပ်ကွက် ခွယ်ကဘောင်ပညာဥယျာဉ်ကျောင်း အခွန်လွတ်သာသနာမြေ ၂ ဒသမ ၂၀ ဧကအား ကျောင်းထိုင်ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ ထံသို့လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်းနှင့် ပြည်နယ်ဝန်ကြီးများက ကြွရောက်ချီးမြှင့်တော်မူသော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအား စားသောက်ကုန်ချီးမြှင့်ပေးအပ်သည့် အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၃ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက် စုစုပေါင်း ငွေကျပ် ၁၄၈၁၁၁၅၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဆုတံဆိပ်များ ရရှိအောင်စွမ်းဆောင်ခဲ့သည့် မကွေးတိုင်းဒေသကြီးဂုဏ်ဆောင် အုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမားများ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**မကွေး ဇန်နဝါရီ ၂၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့သည့် မကွေးတိုင်းဒေသကြီးဂုဏ်ဆောင် အုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမားများ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုရ ဗိုဗီနမ်အသင်းမှ သရုပ်ပြသပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းအောင် ဆုရရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရွှေတံဆိပ်ဆုရ ဝူရှူးအသင်းမှ ပြန်လည်သရုပ်ပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုရ ကစားသမား ၇၃ ဦးအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ၂၃၃ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်က တိုင်းဒေသကြီး ဂုဏ်ဆောင် အုပ်ချုပ်သူ၊ နည်းပြ ၄၄ ဦးအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ၁၁၁ သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျောင်းသူများက Physical Fitness Dance ဖြင့် ပြန်လည်သရုပ်ပြသခဲ့ပြီး ဆုရကစားသမားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က Physical Fitness Dance ဖြင့် ပါဝင်ကူညီခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ငွေ ပြန်လည်ပေးအပ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲကို အားကစားနည်း ၂၃ နည်းဖြင့် ယှဉ်ပြိုင်ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီးအနေဖြင့် ပြေးခုန်ပစ် အားကစားနည်းမှ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်လေးခု၊ အလေးမအားကစားနည်းမှ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်သုံးခု၊ ဗိုဗီနမ်အားကစားနည်းမှ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ ဝူရှူးအားကစားနည်းမှ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု၊ မြန်မာ့သိုင်းအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု၊ ဂျူဒိုအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ လက်ဝှေ့အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ကာယဗလအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ကရာတေးအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ရေကူးအားကစားနည်းမှ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်သုံးခု၊ ဘိလိယက်နှင့် စနူကာအားကစားနည်းမှ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု၊ တိုက်ကွမ်ဒိုအားကစားနည်းမှ ငွေတံဆိပ်တစ်ခု၊ စားပွဲတင်တင်းနစ်အားကစားနည်းမှ ကြေးတံဆိပ်တစ်ခု၊ ပိုက်ကျော်ခြင်းအားကစားနည်းမှ ကြေးတံဆိပ်တစ်ခု စုစုပေါင်းရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၃ ခု၊ ကြေးတံဆိပ် ၂၀ ဖြင့် အဆင့် ၈ နေရာရရှိခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# မြစ်ကြီးနားမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၂၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကချင်ပြည်နယ် လူငယ်ရေးရာအဖွဲ့တို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲများ၊ ကာယ၊ ဉာဏစွမ်းရည် ပြိုင်ပွဲများကို မြစ်ကြီးနားမြို့ ပလနကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ပလန) ၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထက်က ကျောင်းသားလူငယ်များအနေဖြင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်သည့်အတွက် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများသာမက ရိုးရာယဉ်ကျေးမှု၊ အနုပညာ အခန်းကဏ္ဍကိုလည်း ထည့်သွင်းဆောင်ရွက် ပေးထားသည်ကို တွေ့မြင်ကြရမည် ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်သူက "လူငယ်ဘဝ တိုးတက်မြင့်မားရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ စာရေးဆရာ အကြီးကိုကို(ကသာ)က "စာတတ်သူတိုင်း စာဖတ်ပါ" ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားပေးခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲနှင့်အတူ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများအဖြစ် ပန်းချီ၊ ကျပန်း၊ ပုံပြင်ပြော၊ စကားပုံဆက်၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ဂေါက်သီးရိုက်၊ ဘောလုံး အားကစား ပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပြိုင်ပွဲများတွင် ဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များနှင့် အမှတ်တရဆုလက်ဆောင်များကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြကြောင်းနှင့် အဆိုပါကျောင်းအတွက် အားကစားပစ္စည်းများနှင့် ကျောင်းစာကြည့်တိုက်အတွက် ငွေကျပ်တန်ဖိုး နှစ်သိန်းရှိ သုတရသ စာအုပ်စာစောင်များကို လှူဒါန်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ONE-170 ပြိုင်ပွဲတွင် စိုးလင်းဦး အမှတ်ဖြင့် အရေးနိမ့်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ONE-170 ပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် ကျင်းပရာ မြန်မာဖိုက်တာ စိုးလင်းဦး အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

စိုးလင်းဦးသည် ထိုင်းဝါရင့်ဖိုက်တာ ဆက်ဆန်နှင့် ထိုးသတ်ခဲ့ပြီး သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ခန္ဓာကိုယ်အရွယ်အစား၊ ထိုးသတ်ပုံချင်း ကွာခြားမှုမရှိသည့် ဖိုက်တာနှစ်ဦး တွေ့ဆုံခြင်းဖြစ်ပြီး ပထမအချီကတည်းက တိုက်စစ်အားပြုထိုးသတ်ခဲ့ခြင်းဖြစ်သည်။ ပွဲအစတွင်သာ ခြေကန်ချက် တွေ့မြင်ရသော်လည်း နောက်ပိုင်းတွင် လက်သီးထိုးချက်များ၊ တံတောင်ရိုက်ချက်များသာ မြင်တွေ့ခဲ့ရသည်။ စိုးလင်းဦးအနေဖြင့် ပြိုင်ဘက်ကစားသမားကို အထိနာအောင် ထိုးသတ်နိုင်သော်လည်း အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အသာမရဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ နှစ်ဦးစလုံးအနေဖြင့် ပြိုင်ဘက်ကစားသမားကို အထိနာအောင်ထိုးသတ်နိုင်ပြီး လက်ရည်မကွာသော်လည်း အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် ဆက်ဆန်ကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

စိုးလင်းဦးသည် ONE နှင့် လက်တွဲအပြီး ငါးပွဲမြောက် ထိုးသတ်ရာတွင် နှစ်ပွဲဆက် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# နိဗ္ဗာန်ဆော်

သိပ္ပံမောင်ဝ

မောင်လူအေးကား အအိပ်ကြီးသူတစ်ယောက် ဖြစ်လေသည်။ တက္ကသိုလ်ကျောင်းမှာတုန်းက နံနက် လက်ဖက်ရည်ကို ဘယ်အခါမျှ မသောက်ရချေ၊ နံနက်စာစားရန် ခေါင်းလောင်းထိုးမှ အိပ်ရာထလေ့ ရှိလေသည်။ သူတကာ နံနက်စာစားပြီးမှ ထမင်းစားပွဲသို့ ရောက်၏။ မကြာမကြာ နံနက်စာငတ်လေသည်။ ခေါက်ဆွဲနှင့်သာ ကျေနပ်ရသည် ကမျာ:၏။

မောင်လူအေး ၄၊ ၅၊ ၆ တန်းမှာတုန်းကမူကား ဘွားဒွေးကြီး သုံးကြိမ်တိုင်တိုင်နှိုးမှ အိပ်ရာထ၍ ကျောင်းသို့သွားလေ့ရှိ၏။

ပထမအကြိမ်နှိုးလျှင် မထသေး၊ ကိစ္စမရှိ။

ဒုတိယအကြိမ်နှိုးလျှင် မထသေး၊ ဘွားဒွေးကြီး ဆူလေသည်။

တတိယအကြိမ်နှိုးလျှင် မထဘဲ မနေဝံ့တော့ပြီ။ တတိယအကြိမ် နှိုး၍မှ မထဘဲနေလျှင် ဘွားဒွေးကြီးစိတ်ဆိုးသဖြင့် ဝါးခြမ်းဖြင့် ဆော်လေတော့၏။

ဤကား မောင်လူအေး၏ အအိပ်ကြီးသော ဂုဏ်ထူးဝိသေသ ပေတည်း။

မောင်လူအေး ကျောင်းမှထွက်၍ အလုပ်အကိုင်နှင့် ဖြစ်လာသော အခါ ထိုဂုဏ်ထူးကြီးမှာ အနည်းငယ်လျော့၍ သွားလေသည်။ ကျောင်းသားဘဝတုန်းက တာဝန်တွေမှာ မများသေးပေ။ ယခုကား တာဝန်တွေမှာ များလာလေသည်။ ငယ်ငယ်တုန်းက ဘွားဒွေးကြီး၏ ဝါးခြမ်းကို ကြောက်သောကြောင့် အိပ်ရာမှစောစောထခဲ့ရသည်။ ယခုမူကား တာဝန်ဝါးခြမ်းကိုကြောက်သောကြောင့် စောစောအိပ်ရာမှ ထလေ့ရှိလေသည်။ တာဝန်ဝါးခြမ်းက ဘွားဒွေးကြီး၏ဝါးခြမ်းထက် အဆတစ်ရာမက တန်ခိုးကြီးမားပေသေး၏။ အိပ်မောကျနေရင်း ဆတ်ခနဲလန့်၍နိုးလာအောင်ပင် တတ်နိုင်သော တာဝန်ဝါးခြမ်းပေ တည်း။

မနက်ဖြန် နံနက်စောစော ၅ နာရီထွက်သောသင်္ဘောနှင့် မြန်မာ ပြာသာဒ်ရွာသို့ မောင်လူအေးသွားရပေမည်။ နံနက်စောစော ၄ နာရီ အချိန်တွင် အိပ်ရာမှထရမည်ဖြစ်၍ စောလွန်းလှသည်။ မထချင်။ သို့သော် သင်္ဘောမမီမည်ကို စိုးရလေသည်။

နံနက်စောစော ၄ နာရီထိုးသည်နှင့်တစ်ပြိုင်နက် နာရီနှိုးစက်၏ ပယောဂကြောင့် မောင်လူအေး အိပ်ရာမှထရ၏။ အိပ်ရာမှထ၍ မကြာမီမှာပင် အနီးအနားရှိဘုန်းကြီးကျောင်းမှ ကလတက်သံကို ကြားရလေသည်။

အသံကား လက်ဦးတွင် ခပ်လေးလေး၊ ထို့နောက် တဖြည်းဖြည်း မြန်၍ မြန်၍လာ၏။ နောက်ဆုံး၌ တစ်ချက်နှင့်တစ်ချက် ဆက်၍သွား လေသည်။

ပြီးပြန်လျှင် လေးလံသောအသံများ ပေါ်၍လာပြန်၏။ ယခင် နည်းအတိုင်း မြန်၍မြန်၍ လာပြီးလျှင် တစ်ချက်နှင့်တစ်ချက် ဆက်၍ သွားပြန်၏။

မောင်လူအေးမှာ မျက်နှာမသစ်နိုင်သေးဘဲ ထိုကလတက်၏ တူရိယာသံကို စိုက်ကာနားထောင်နေ၏။ မည်မျှသာယာသော အသံ ပေနည်း။ မည်မျှကြည်နူးဖွယ်ကောင်းသော အသံပေနည်း။ မည်သည့် တူရိယာသံသည် ဤကလတက်သံထက် သာနိုင်ပါအံ့နည်းဟု တွေးတော

> **နံနက်စောစော ၄ နာရီထိုးသည်နှင့်တစ်ပြိုင်နက် နာရီနှိုးစက်၏ပယောဂကြောင့် မောင်လူအေး အိပ်ရာမှထရ၏။ အိပ်ရာမှထ၍ မကြာမီမှာပင် အနီးအနားရှိဘုန်းကြီးကျောင်းမှ ကလတက်သံကို ကြားရလေသည်။ အသံကား လက်ဦးတွင် ခပ်လေး လေး၊ ထို့နောက် တဖြည်းဖြည်း မြန်၍ မြန်၍လာ၏။ နောက်ဆုံး၌ တစ်ချက်နှင့်တစ်ချက် ဆက်၍သွား လေသည်။ ပြီးပြန်လျှင် လေးလံသောအသံများ ပေါ်၍လာပြန်၏။ ယခင်နည်းအတိုင်း မြန်၍မြန်၍ လာပြီးလျှင် တစ်ချက်နှင့်တစ်ချက် ဆက်၍သွားပြန် ၏**

ကာနေမိ၏။

ယခင်အခါက ကလတက်အသံများကို ကြားခဲ့ဖူးသည်မှာ မရေ တွက်နိုင်ပြီ။ သို့သော် မည်သည့်အခါကမျှ ကလတက်သံသာယာသည် ဟု မထင်မှတ်မိခဲ့ပေ။ နားငြီးစရာကောင်းသောအသံဟူ၍ပင် ကဲ့ရဲ့ မိခဲ့ပေသည်။

“ဒေါင် ဒေါင်” ဟူသော ကလတက်သံ၏သာယာခြင်းမှာ မဆိုလောက်သေး။ ထိုအသံတွင် သာ၍လာသောအဓိပ္ပာယ်ကား မည်မျှနက်ပါသနည်း။ မည်မျှလေးပါသနည်း။ မည်မျှနူးပါသနည်း။ စဉ်းစားကြည့်ပါက ကောင်းစွာသိရပေလိမ့်မည်။

> **“ဒေါင် ဒေါင်” ဟူသော ကလတက်သံ၏သာယာခြင်းမှာ မဆိုလောက်သေး။ ထိုအသံတွင် သာ၍လာသောအဓိပ္ပာယ်ကား မည်မျှနက်ပါသနည်း။ မည်မျှလေးပါသနည်း။ မည်မျှနူးပါသနည်း။ စဉ်းစားကြည့်ပါက ကောင်းစွာသိရပေလိမ့်မည်။ ထို “ဒေါင် ဒေါင်”အသံကား နေမင်း၏ ရှေ့တော်ပြေးကြီးပေတည်း။ “နေမင်းသည် မကြာမီပေါ်ထွက်လာတော့မည်။ အို သတ္တဝါအပေါင်းတို့ ထကြလော့။ ထကြလော့။ နေမင်းကြီးကိုထ၍ ဖူးမြော်ကြပါကုန်လော့။ ရောင်ခြည်တစ်ထောင်အလင်းကိုဆောင်သော နေမင်းကြီးထွက်ပေါ်လာပုံကား ဆန်းကြယ်လှပေ၏။ ဤသို့ ဆန်းကြယ်စွာ ထွက်ပေါ်လာပုံကို မမြင်လိုက်ရ မရှိရအောင် ထကြကုန်လော့… ထကြကုန်လော့” ဟူ၍ တိုက်တွန်းလေသော ကလတက်သံကိုကြားရလျှင် မည်သူမကြည်နူးဘဲနေအံ့နည်း**

ထို “ဒေါင်ဒေါင်”အသံကား နေမင်း၏ရှေ့တော်ပြေးကြီးပေတည်း။ “နေမင်းသည် မကြာမီပေါ်ထွက်လာတော့မည်။ အို သတ္တဝါအပေါင်း တို့ ထကြလော့။ ထကြလော့။ နေမင်းကြီးကိုထ၍ ဖူးမြော်ကြပါကုန် လော့။ ရောင်ခြည်တစ်ထောင်အလင်းကိုဆောင်သော နေမင်းကြီး ထွက်ပေါ်လာပုံကား ဆန်းကြယ်လှပေ၏။ ဤသို့ ဆန်းကြယ်စွာ ထွက်ပေါ်လာပုံကို မမြင်လိုက်ရ မရှိရအောင် ထကြကုန်လော့… ထကြ ကုန်လော့” ဟူ၍ တိုက်တွန်းလေသော ကလတက်သံကိုကြားရလျှင် မည်သူမကြည်နူးဘဲနေအံ့နည်း။

ကလတက်သံနှင့်အတူပါ၍လာသော အဓိပ္ပာယ်တစ်မျိုးလည်း ရှိသေး၏။ “ဒေါင် ဒေါင်” ဟူသောအသံကို စေ့စေ့နားထောင်ကြည့်ကြ ပါဘိ။ ဤသို့ ဆိုနေပေသည်။ “အို… သတ္တဝါအပေါင်းတို့ ထကြလော့… ထကြလော့။ အလုပ်ခွင်သို့ ဝင်ကြလော့။ သူတကာထက် အလျင် အလုပ်ခွင်သို့ဝင်လျှင် သူတကာထက်ပို၍ကြီးပွားတိုးတက်ပေလိမ့် မည်။ ဤခေတ်သည် သူတကာနှင့်အပြိုင် ဆောင်ရွက်လုပ်ကိုင်နေရသော ခေတ်ဖြစ်၏။ ဤခေတ်ကား မသိသူကျော်သွား၊ သိသူဖော်စားသော ခေတ်ဖြစ်၏။ ထိုသူတို့ကား စားကြရပေလိမ့်မည်။ ထကြလော့၊ သိသူ များဖြစ်ကြကုန်လော့။ လောကီအလုပ်ကို အားမထုတ်လိုလျှင် လောကုတ္တရာအလုပ်ကို အားထုတ်ကြကုန်လော့။ နိဗ္ဗာန်သို့ သူတကာ ထက် အလျင်ရောက်အောင် ကြိုးစားကြကုန်လော့။ ကမ္မဋ္ဌာန်းကို စီးဖြန်းကြကုန်လော့။ အိပ်နေခြင်းကား အကျိုးမရှိ။ ကျန်းမာခြင်းကို လည်းမရ၊ လောကီစီးပွားလည်းမဖြစ်ထွန်း၊ လောကုတ္တရာ စီးပွား လည်းမဆောင်၊ အို.. သတ္တဝါအပေါင်းတို့ အိပ်ရာမှထကြ၍ အလုပ် ခွင်သို့ ဝင်ကြကုန်လော့…. ဝင်ကုန်လော့”

ဤသို့နှိုးဆော်နေသည့်ကလတက်သံကိုကြားရသော မောင်လူအေး ၏စိတ်မှာ လှုပ်လှုပ်ရှားရှား ထထကြွကြွဖြစ်၍လာ၏။ မောင်လူအေး တွင် တက်ကြွသောစိတ်များ တဖွားဖွားပေါ်၍ လာကြကုန်၏။ ရှေးအခါ က ဤအချိန်တွင် အိပ်ပျော်နေခဲ့သူများကို ပြောမိပေ၏။ ရှေးအခါက ဤအချိန်တွင် အိပ်ပျော်နေတုန်းဖြစ်သောကြောင့် ကလတက်သံ၏ နှိုးဆော်ချက်များကို မကြားခဲ့ရပေ။ တစ်ခါတစ်ရံ ကြားခဲ့ရဖူးသော်လည်း “ဒေါင် ဒေါင်” ဟူသောအသံကိုသာကြားခဲ့ရ၏။ နှိုးဆော်သောအဓိပ္ပာယ် ကိုကား မစဉ်းစားမိခဲ့ပေ။ ယခုမှသာ ထိုနှိုးဆော်သောအဓိပ္ပာယ်ကို ကွက်ကွက်ကွင်းကွင်း ကြားရပေသည်။

“ဒေါင် ဒေါင်”ဟူသော ကလက်တက်သံကား အဓိပ္ပာယ်ကင်းမဲ့သော အသံမဟုတ်။ ခြောက်သွေ့သောအသံလည်းမဟုတ်။ အဓိပ္ပာယ်နှင့် ပြည့်စုံ၍ စိုပြည်သောအသံဖြစ်နေသည်။ ဤအသံကား စင်စစ်အားဖြင့် “နိဗ္ဗာန်ဆော်”ကြီးဖြစ်၏။ မည်သည့်တေးကဗျာသည် ကလတက်သံ ထက် လေးနက်ပါအံ့နည်း။ သာယာပါအံ့နည်း။ နူးညံ့ပါအံ့နည်း။

ထိုကလတက်သံ၏အပေါ်တွင် စဉ်းစားခန်းထုတ်နေရင်းနှင့်ပင် အချိန်အတော်နှောင်းသွား၏။ ခရီးသွားစရာမရှိဘဲ ထိုအသံအပေါ်တွင် သာ ကြာကြာကလေး စဉ်းစားခန်းထုတ်နေမည်ဆိုပါမူ မည်သို့သော စိတ်ကူးမျိုး ပေါ်လာဦးမည်မသိ။ သို့သော် သွားစရာက ရှိနေသေးသော ကြောင့် စဉ်းစားခန်းကို ဖျက်လိုက်ရလေသတည်း။

ထို့နောက် အဝတ်အစားလဲ၊ ကော်ဖီသောက်ပြီးလျှင် သင်္ဘော ဆိပ်သို့ ထွက်လာခဲ့၏။ လမ်းထိပ်သို့ရောက်သောအခါ “နောင် နောင်” ဟူသောကြေးစည်သံကို ကြားရလေသည်။ ထိုအသံနှင့်အတူ ခပ်လေးလေးဆွဲကာ ရွတ်လိုက်သော သူတစ်ယောက်၏ အသံကို ကြားရသဖြင့် စိုက်ကာနားထောင်နှင့်၏။ ဘုရားကိုးဆူဆရာကြီး အသံနှင့် ခပ်ဆင်ဆင်တူ၏။ သို့သော် ဘုရားကိုးဆူဆရာ၏ အသံလည်း မဟုတ်ပေ။ နံနက်စောစော အိပ်ရာမှထကာ ဘုရားရှိခိုးသော အဘိုး ကြီးများ၏ အသံမျိုးနှင့်လည်း မတူ။

ဟိုမှာ ရှုလော့။ ဝတ်ဖြူစင်ကြယ်ကိုဝတ်ကာ လျှောက်၍လာလေ သည်။ လက်က ကြေးစည်ကို ဆွဲထား၏။ နှုတ်ကမူကား သာယာ ကြည်နူးဖွယ်ရာ ရွတ်ဆို၍ လာလေသည်။

ဤသူကား နိဗ္ဗာန်ဆော်ပေတည်း။

စောစောစီးစီး ၄ နာရီအချိန်တွင် သူတကာ၏အကျိုးအတွက် ဆောင်ရွက်၍နေပေ၏။ ကောင်းပေစွ… ကောင်းပေစွ… သာဓု သာဓု…။

ထိုအခိုက်၌ ထိုသူတွင် မကောင်းသောစိတ်ထားရှိမည်မဟုတ်။ သူသည် မည်မျှစိတ်ကြည်နူးနေပေမည်နည်း။ ထိုသူ၏စိတ်ထဲသို့ ခေတ္တမျှဝင်၍ ကြည့်ကြပါကုန်လော့။ အလွန်ကြည်နူးနေသည်ကို သိရပေလိမ့်မည်။ သူကား အပျော်ကြီး ပျော်နေပေလိမ့်မည်။

ထိုသူနှင့် ကြေးစည်တို့၏ နှိုးဆော်သောအသံတို့ကြောင့် နံနက် ဆွမ်းချက်ရန် အိပ်ရာထဲမှ လူးလိမ့်၍ထကြလေသည်။ လမ်းထောင့်အိမ် မှ ဒေါ်စာဥကြီး မျက်နှာသစ်နေ၏။ အိမ်ရှေ့အိမ်မှ ဦးဂေါ်ရာကြီးလည်း အော်ကျယ်အော်ကျယ်နှင့် ဘုရားရှိခိုးစပြုလေပြီ။

ထိုသူနှင့် ကြေးစည်တို့၏အသံကား မင်္ဂလာရှိသောအသံများ ဖြစ်ကြကုန်၏။ မကြာမီက ကြားခဲ့ရသော ကလတက်သံကဲ့သို့ပင် နေမင်းကြီး၏ရှေ့တော်ပြေးများပေတည်း။

သူတို့၏အသံများကို ကြားရသောကြောင့် အိမ်ဖောက်ထွင်းရန် ကြံစည်နေကြသော သူတို့ အိမ်ပြန်ကြလေသည်။ ထိုအသံတို့က မကောင်းမှုကိုတားဆီးသော အသံတို့ဖြစ်ကြလေသည်။ ထိုသူခိုးလောင်း တို့၏စိတ်တွင် ရုတ်တရက်တော့ ငှက်ဆိုးသံကဲ့သို့ ထင်မိကြပေလိမ့် မည်။ သို့သော် စေ့စေ့တွေးမိပြီဆိုလျှင် ထိုအသံတို့ကို ကျေးဇူးတင်ကြ မည်ကားမလွဲတည်း။ ထိုအသံများကြောင့် မိမိတို့မကောင်းမှုကို မပြုမိ ခြင်းဖြစ်လေသည်။ ထိုအသံများကယ်သောကြောင့်သာ ထောင်နှုတ်ခမ်း သို့ရောက်ပြီးမှ ထောင်ထဲသို့မရောက်ဘဲ ရှိရလေသည်။

ထိုသာယာသောအသံတို့ကား ဝေးသည်ထက် ဝေးသွားလေပြီ။ မောင်လူအေးမှာ စဉ်းစားရင်းလျှောက်၍ လာလေသည်။ မြစ်ဘက်မှ လေပြည်လေးကလည်း တိုက်ခတ်နေ၏။ ဤအခါမျိုးကို မကြုံဖူးသူ သည် လူဖြစ်ကျိုးမနပ်ဟူ၍ စဉ်းစားမိ၏။ သို့နှင့် သင်္ဘောဆိပ်သို့ ရောက်လေသတည်း။

၁၉၃၄ ခုနှစ်၊ မတ်၊ ဒဂုန်မဂ္ဂဇင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၉၁၆၊ မြေကွက်တည်နေရာအမှတ်-၉၁၆၊ အောင်သိဒ္ဓိလမ်း၊ ၂၈-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဦးအေးသန်း (Q/RGN-၀၀၀၄၂၆) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ် (ဂရန်) မြေအား မြေအမည်ပေါက် (ဖခင်) ဦးအေးသန်းနှင့် (မိခင်) ဒေါ်မြို့ယဉ်တို့ အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ဦးကျော်ခင်ညိမ်း [၁၂/ဒဂမ(နိုင်)၀၂၄၀၄၄] မှ သားသမီးအဖြစ် ၎င်းတစ်ဦးတည်းသာမွေးဖွားခဲ့ကြောင်း၊ အခြားသော သားရင်း၊ သမီးရင်းနှင့် အမွေစားအမွေခံ ကိတ္တိမသားသမီးများ လုံးဝမရှိပါကြောင်း၊ ၎င်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ် (၆၀) မြေငှားစာချုပ် (ဂရန်) တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ အိမ်အမှတ် တိုက်(၂)၊ အခန်း(၂)၊ ညောင်အိုင်လမ်းနေ ဒေါ်တင်တင်အုန်း မှတ်ပုံတင်အမှတ် [၁၂/သဃက(နိုင်)၀၃၂၇၇၄]၏သားဖြစ်သူ မောင်လင်း မှတ်ပုံတင်အမှတ် [၁၂/ဒဂန(နိုင်)၀၃၂၄၉၂]သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့သောကြောင့် ၂၄-၁-၂၀၂၅ ရက်နေ့မှစပြီး အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မောင်လင်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်မယူပါကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အုပ်ထိန်းသူ**
**ဒေါ်တင်တင်အုန်း**
**မှတ်ပုံတင်အမှတ် [၁၂/သဃက(နိုင်)၀၃၂၇၇၄]**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ် (၆၉)မောင်ငံ၊ ဦးပိုင်အမှတ်(၁၃၀/င)၊ ဧရိယာ(၀.၀၄၄)ကေရှိ ဘိုးဘွားပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနမှတ်ပုံတင် (၁-က)စာရင်းတွင် ဒေါ်ကျင်အန်း အမည်ပေါက်ပါသည်။ ဒေါ်ကျင်အန်း ကွယ်လွန်သွားသဖြင့် ၎င်း၏ အမွေစား အမွေခံများဖြစ်ကြသော ဦးမြင့်စိုး(ခ)ဦးချိန်ရ၊ ဦးအေးသိန်း၊ ဒေါ်ငွေငွေမူ၊ ဒေါ်မြင့်မြင့်ချို၊ ဦးအောင်ဆန်းမြင့်တို့(၅)ဦးမှ အိမ်နှင့် မြေကွက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာသည့်စာချုပ် မှတ်ပုံတင်စာချုပ်အမှတ်- ၂၆၈/၂၀၂၄ အရ ချုပ်ဆိုကြေညာခဲ့ပါသည်။ ၎င်းတို့(၅)ဦးထံမှ ဦးတင်အေးနှင့် ဒေါ်ချိုဝင်းခိုင်တို့(၂)ဦးက မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ "အိမ်နှင့်မြေကွက် အပြီးအပိုင် အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် -၄၃၈/၂၀၂၄ အရ ဝယ်ယူခဲ့ပါသည်။ ယခုအခါ ဦးတင်အေးနှင့် ဒေါ်ချိုဝင်းခိုင်တို့(၂)ဦးက ၎င်းတို့၏အမည်သို့ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာစာပါရှိသည့်နေ့မှစ၍ရက်ပေါင်း (၃၀)အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးတင်အေးနှင့် ဒေါ်ချိုဝင်းခိုင်တို့မှ ၎င်းတို့၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်-၈၃၈၊ မြေကွက်တည်နေရာအမှတ်-၈၃၈၊ မင်းရဲကျော်စွာလမ်း၊ ၄၅ ရပ်ကွက်၊ ဒဂုံမြောက်(ဦးမောင်မောင်တင်) အမည်ပေါက် နှစ်(၆၀)မြေအား CE-၀၄၅၁၁၁၊ ဂရန်အမည်ပေါက် ဦးမောင်မောင်တင် (ဖခင်)ကွယ်လွန်နှင့် ဒေါ်သိန်းငွေ(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့မှမွေးဖွားသည့်သားသမီးများဖြစ်ကြသော(၁)ဒေါ်နန်းဝါဝါတင် [၁၂/လမန(နိုင်)၀၀၆၀၈၂၊ (၂)ဦးအောင်ကိုလတ် [၁၂/လမန(နိုင်)၀၀၅၉၇၃]၊ (၃)ဦးအောင်ကိုပြုံး [၁၂/လမန(နိုင်)၀၀၅၉၇၂]၊ (၄)ဒေါ်နန်းငွေငွေတင် [၁၂/လမန(နိုင်)၁၁၉၄၆၇]၊ (၅)ဦးတင်လင်းမောင် [၁၂/လမန(နိုင်)၁၁၉၄၆၈]၊ (၆)ဒေါ်အင်ကြင်းခိုင် [၁၂/လမန(နိုင်)၁၄၃၈၅၆]တို့ သားသမီး(၆)ဦးအား မွေးဖွားခဲ့ပြီး အခြားသော သားသမီးများမရှိကြောင်း၊ ဒေါ်အင်ကြင်းခိုင်အား ရန်ကင်း စာချုပ်ရုံး၌ အမွေစားအမွေခံစာချုပ်(၈၃၀၇)ဖြင့် တရားဝင်မွေးစားခဲ့ပြီး အခြားသော ကိတ္တိမသားသမီးများ မွေးစားထားခြင်းမရှိဘဲ ဒေါ်အင်ကြင်းခိုင် တစ်ဦးတည်းသာ တရားဝင်မွေးစားခဲ့ကြောင်း၊ မိမိတို့မှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတို့မောင်နှမ(၅)ဦးနှင့် တရားဝင် မွေးစားခံရသူ ဒေါ်အင်ကြင်းခိုင် တို့သာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများ၏ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ မွေးစားစာချုပ်၊ နိုင်ကတ်တို့ တင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ လျှောက်ထားသူ (၆)ဦးအနက် သားတစ်ဦးဖြစ်သူ ဦးတင်လင်းမောင်၏ အမည်မှာ တင်ပြ နိုင်ကတ်မှုရင်းတွင် ဦးတင်လင်းမောင်၊ အိမ်ထောင်စုစာရင်းတွင် ဦးထင်လင်းမောင်ဖြစ်ပြီး နိုင်ကတ်အမှတ်အားဖျက်၍ ပြင်ဆင်ခြင်းနှင့် ပတ်သက်ပြီး လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သဘောရိုးဖြင့် မှားယွင်းရေးသားမိကြောင်း ၎င်းကိစ္စနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတို့မှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဌာနဝင်စာဖြင့် ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်နန်းဝါဝါတင်+၅မှ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅)ခုဘဏ္ဍာရေးနှစ်တွင် ဆေးသိုလှောင်ရုံများအတွက် လိုအပ်သော ရုံးသုံးပရိဘောဂများ ဝယ်ယူရန် တင်ဒါအမှတ်-24DMS/2024-2025 (L) ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - | (၂၇-၁-၂၀၂၅) ရက်၊ တနင်္လာနေ့ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | (၃-၂-၂၀၂၅) ရက်၊ မွန်းတည့် (၁၂: ၀၀) နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - | ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၁၃/က)၊ မြေကွက်အမှတ် (၂၀)၊ မြေဧရိယာ (၀. ၀၅၁)ကေရှိ **ဦးအောင်မျိုးလွင် [၁၂/ဥကမ (နိုင်) ၀၁၄၂၂၈]** အမည်ပေါက် နှစ် (၆၀)အငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၈၈/၁)၊ မြင်သာ(၁၁)လမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်၊ စွဲကပ်တည်ရှိနေသောအရာများ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်က တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ **ဒေါ်နေခြည်နွေး [၆/ထဝန(နိုင်)၀၈၉၈၆၆]** မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ် - ၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၅၁၄၃၅၈၃၊ ၀၉- ၇၉၅၉၁၉၈၄၅**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ စာအုပ်အမှတ်(၀၄၂)၊ ပြေစာအမှတ်(၄၁၅၉)၊ ဗိုလ်မှူးမြင့်စိုး (J/RGN-၀၂၁၂၉၀)အမည်ဖြင့် ချထားပေးသော လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ (၁/န)တိုးချဲ့(၈)လမ်း၊ မြေကွက်အမှတ်(၄၄၅)၊ ဧရိယာ(၄၀'x၆၀') ကျယ်ဝန်းသော မြို့မြေကွက်ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ လက်ရှိထားရောင်းဝယ်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ညိုညိုစန်း [၁၂/လကန(နိုင်)၂၄၈၇၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းမူ [၇/ဒဥန(နိုင်)၀၈၇၁၅၅]က (၂၀-၁- ၂၀၂၅) ရက်နေ့တွင် ဥပဒေနှင့်အညီ ဝယ်ယူ၍ လက်ရောက်ရယူပြီးဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းမူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းဆန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၁)**
**အမှတ်(၂၇)၊ အောင်မင်္ဂလာ(၂)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊**
**လှည်းကူးမြို့။ ဖုန်း-၀၉-၇၉၀၉၁၉၉၆၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်-၈၃၆၊ မြေကွက်တည်နေရာအမှတ်-၈၃၆၊ မင်းရဲကျော်စွာလမ်း၊ ၄၅ ရပ်ကွက်၊ ဒဂုံမြောက်(ဦးမောင်မောင်တင်) အမည်ပေါက် နှစ်(၆၀)မြေအား CE-၀၄၅၁၁၁၊ ဂရန်အမည်ပေါက် ဦးမောင်မောင်တင်(ဖခင်)ကွယ်လွန်နှင့် ဒေါ်သိန်းငွေ(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့မှမွေးဖွားသည့် သားသမီးများဖြစ်ကြသော (၁)ဒေါ်နန်းဝါဝါတင် [၁၂/လမန(နိုင်)၀၀၆၀၈၂]၊ (၂)ဦးအောင်ကိုလတ် [၁၂/လမန(နိုင်)၀၀၅၉၇၃]၊ (၃)ဦးအောင်ကိုပြုံး [၁၂/လမန(နိုင်) ၀၀၅၉၇၂]၊ (၄)ဒေါ်နန်းငွေငွေတင် [၁၂/လမန(နိုင်)၁၁၉၄၆၇]၊ (၅) ဦးတင်လင်းမောင် [၁၂/လမန(နိုင်)၁၁၉၄၆၈]၊ (၆)ဒေါ်အင်ကြင်းခိုင်[၁၂/လမန(နိုင်)၁၄၃၈၅၆]တို့ သားသမီး(၆)ဦးအားမွေးဖွားခဲ့ပြီး အခြားသော သားသမီးများမရှိကြောင်း၊ အခြားသော ကိတ္တိမအမွေစား အမွေခံသားသမီးတစ်ဦးတစ်ယောက်မျှ မွေးစားထားခြင်းမရှိကြောင်း၊ ရန်ကင်း စာချုပ်ရုံး၌ အမွေစားအမွေခံစာချုပ်(၈၃၀၇)ဖြင့် ဒေါ်အင်ကြင်းခိုင် တစ်ဦးတည်းသာ တရားဝင်မွေးစားခဲ့ပါကြောင်း၊ မိမိတို့မှာဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတို့မောင်နှမ(၅)ဦးနှင့် တရားဝင်မွေးစားခံရသူ ဒေါ်အင်ကြင်းခိုင်သာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများ၏သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ မွေးစားစာချုပ်၊ နိုင်ကတ်တို့တင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ လျှောက်ထားသူ(၆)ဦးအနက် သားတစ်ဦးဖြစ်သူ ဦးတင်လင်းမောင်၏ အမည်မှာ တင်ပြနိုင်ကတ်မူရင်းတွင် ဦးတင်လင်းမောင်၊ အိမ်ထောင်စုစာရင်းတွင် ဦးထင်လင်းမောင်ဖြစ်ပြီး နိုင်ကတ်အမှတ်အားဖျက်၍ ပြင်ဆင်ခြင်းနှင့် ပတ်သက်ပြီး လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သဘောရိုးဖြင့် မှားယွင်းရေးသားမိကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိတို့မှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဌာနဝင်စာဖြင့် ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်နန်းဝါဝါတင် +၅ မှ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃/စက်မှုဇုန်၊ မြေကွက်အမှတ်-၅၂၁၊ ဧရိယာ(၂.၇၄၆) ကေအနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏အနောက်ဘက်ခြမ်း၊ ဧရိယာ (၁.၃၇၃) ကေခန့်၊ မြေအမျိုးအစား - နှစ် (၆၀) စက်မှုမြေငှားဂရန်နှင့် ယင်းမြေပေါ်ရှိ အမှတ် (၅၂၁)၊ မိုးကုတ်လမ်း၊ ၂၃-ရပ်ကွက်၊ စက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေနှင့်ဂိုဒေါင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏** မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဦးမျိုးမြင့် [၇/ဒဥန(နိုင်)၀၃၂၈၃၉] (DKU - ၀၄၁၄၄၅)က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးကောင်းမြတ်ဇော်** | **ဦးသန့်ဇော်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်အသိပေးကြေညာခြင်း

ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ သရက်တော(၂)လမ်း၊ အမှတ် (၈၉)ရှိ သျှုရီသျှုရီဗြမ္မာမာရီကာလီမယ်တော်ကြီး ဘုရားကျောင်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ မိမိတစ်ဦးတည်းဆန္ဒဖြင့် ဂေါပကအသစ်ဖွဲ့စည်းခြင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၌ ဂရန်သစ်လျှောက်ထားခြင်းများကို မပြုလုပ်ရန် သက်ဆိုင်ရာဌာနအသီးသီးတို့၌ ကန့်ကွက်ထားမြစ်ထားပြီးဖြစ်ကြောင်းနှင့် ယခင်ဥက္ကဋ္ဌ ဦးအောင်သန်း တာဝန်မှအနားယူပြီးနောက်ပိုင်း၌ ယနေ့တိုင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အလှူငွေကောက်ခံခိုင်းခြင်းမရှိပါကြောင်း ကျွန်ုပ်၏မိတ်ဆွေ ဦးဉာဏ်လင်းထက် [၁၂/ရပသ(နိုင်)၀၇၉၃၄၂]၊ အတွင်းရေးမှူး၊ သျှုရီသျှုရီဗြမ္မာမာရီကာလီမယ်တော်ကြီး ဘုရားကျောင်း၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝါဝါထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၈၀)**
**အမှတ် - ၃၀၊ လှည်းတန်း(၇)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၀၂၆၄၇၂၉**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ သဇင်(၁)လမ်း၊ မြေကွက်အမှတ်(၇၅၃)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေရှိ ဒေါ်အေးမိခိုင်(MMN-၅၃၇၇၂၆)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နန်းတုတ် [၁၃/လလန(နိုင်)၀၁၇၀၃၅] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ မြေကွက်အမှတ်(၁၁၈၅/ခ)၊ ကောက်ကြီးလမ်း၊ ဏ/၁၄ ရပ်ကွက်၊ အကျယ်အဝန်း (အလျား ၂၀'x အနံ ၆၀')၊ (၁၂၀၀ စတုရန်းပေ) ရှိသော **ပါမစ်မြေကွက်**သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ပါမစ်အမည်ပေါက် ဦးဘသန်းတင် ( ALF - ၀၀၁၇၁၇)** အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ **ဒေါ်သက်စုမွန် [၇/မလန(နိုင်)၀၈၈၇၃၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဦးထွန်းထွန်းလှိုင် [၁၂/လမန(နိုင်)၀၆၁၇၆၅]**က အပြီးအပိုင်ဝယ်ယူရန်အတွက် **(၂၃- ၁ -၂၀၂၅)** ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **( ၇ )** ရက်အတွင်း ကျွန်ုပ်နှင့်မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် LLB, WIPO ( Switzerland )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၁၀ )၊ မြေကွက်အမှတ်(၁၀၅၇/က)၊ ခိုင်ရွှေဝါ ( ၃ ) လမ်း၊ ၁၀/တောင်ရပ်ကွက်၊ (၂၀ x ၆၀)ပေရှိသော နှစ် (၆၀)ဂရန်မြေကွက်သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဦးသောင်းမြင့်နှင့်ဒေါ်အေးနွဲ့**တို့အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်မခွဲစိတ်ရသေးသော**(၁၀x ၆၀) ပေ၊ ခြေရင်းခြမ်း**ကို တရားဝင်ဝယ်ယူထားပြီး လက်ဝယ်ပိုင်ဆိုင်ထားသော **ဒေါ်သွယ်သွယ် [၁၂/သကတ(နိုင်)၀၉၅၆၇၆]** ထံမှ မြေကွက်နှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဦးခင်မောင်ဇင် [၉/မကန(နိုင်)၁၁၈၆၁၀]**က အပြီးအပိုင်ဝယ်ယူရန်အတွက်**( ၂၁- ၁ -၂၀၂၅ )** ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **(၇)** ရက်အတွင်း ကျွန်ုပ်နှင့်မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် [LLB, WIPO ( Switzerland )] တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## "မြေကွက်ဝယ်ယူမည်" ဖြစ်ပါ၍ သက်ဆိုင်သူများ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၀/ဘီ)၊ လူနေရပ်ကွက်အမှတ်(ကုန်းတလပေါင်စံပြကျေးရွာ)၊ ရွှေစေတီလမ်း၊ ကုန်းတလပေါင်စံပြရပ်ကွက်၊ မြေကွက်အမှတ်(၈၇/၇၉)ဟုခေါ်တွင်သော အကျယ်အဝန်း (၈.၆၅)ကေ၊ (၃၄၆၀၀)စတုရန်းပေရှိ ရွာမြေအမျိုးအစား မြေကွက်ကြီးနှင့် ယင်းမြေကွက်ပေါ်ရှိ မြေပြင်အနေအထားသတ်မှတ်ချက်အရ သတ်မှတ်ထားသော အကွက်အမှတ်(၇၀/A)၊ (၇၀/B)၊ (၇၀/C) မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော မူလမြေကွက်ကြီး၏ (လမ်းမှမြေကွက်အားမျက်နှာမူလျှင် လက်ယာဘက်ခြမ်း)၊ အကျယ်အဝန်း(၆၀x၆၀)ပေ၊ (၃၆၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ထံမှ ဆက်စပ်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိပြီး အမွေစားအမွေခံမှစ၍ အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ မိမိသာလျှင် ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဦးရဲမင်းထွန်း [၁၂/အစန(နိုင်)၁၈၁၁၄၄] ကိုင်ဆောင်သူမှ ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဆွေဦး [၁၀/မဒန(နိုင်)၀၀၆၆၁၂] မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မေသူသူမြင့် (LL.B, D.B.L, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၂၈)**
**အမှတ်(၆၃၂-က)၊ ဦးအောင်မြတ်(၃)လမ်း၊ ၇/၈ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၅၅၁၈၉၉၁၈**

## လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)

အကြိမ်(၅၀)မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲကို (၁၁-၂-၂၀၂၅) အင်္ဂါနေ့ နံနက် (၉:၃၀)နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ အမှတ်(၁၂)ရှိ မင်းကွန်းတိပိဋကကျောင်းတော် ငွေရတုခန်းမတွင် ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်မြို့ရောက် လက်ပံတန်းမြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်မြို့ရောက် မြို့နယ်သူမြို့နယ်သားများမှ ယခင်ကန်တော့ခံမပါသေးသည့် (၃၁-၁၂-၂၀၂၄)နေ့တွင် အသက်(၇၅)နှစ်ပြည့်ပြီးသူများ၊ ၂၀၂၄ ခုနှစ်တွင် မြို့နယ်ဆင့် လူရည်ချွန်ရွေးချယ်ခံရသူများနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် ဦးခင်မောင်မြင့် ဖုန်း-၀၉-၄၂၀၀၀၆၂၅၁၊ ဦးသိန်းလှိုင် ဖုန်း-၀၉-၄၄၃၁၉၇၅၅၉၊ ဒေါ်ခင်မျိုးသိန်း၊ ဖုန်း-၀၉-၉၇၀၁၉၁၁၇၂၊ ဦးအောင်သိန်း ဖုန်း- ၀၉-၄၂၁၁၁၆၀၂ တို့ထံ (၇-၂-၂၀၂၅)နေ့မတိုင်မီ ဆက်သွယ်စာရင်းပေးကြပါရန်။

**အမှုဆောင်အဖွဲ့**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ် ၂၅/F-4(A)တွင် တည်ရှိသော SHWE NAYAR COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် (110177135) အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို မူပိုင်ခွင့်ဦးစီးဌာန၌ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ (၂၀၁၉) နှင့်အညီ မှတ်ပုံတင်သွင်းပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်များကို ရရှိပြီး ဖြစ်ပါသည် –

Shwe Nayar Myanmar Traditional Dessert
TM/2025/000930

ရွှေနရား
TM/2025/000931

အထက်ဖော်ပြပါ အမှတ်တံဆိပ်များကို SHWE NAYAR COMPANY LIMITED မှ Nice Class 29, 30, 35 တွင် ရွှေကြည်ဆနွင်းမကင်း၊ နို့ရွှေကြည် ဆနွင်းမကင်း၊ ဒူးရင်းသီး ဆနွင်းမကင်း၊ ငှက်ပျော ဆနွင်းမကင်း၊ အာလူး ဆနွင်းမကင်း၊ ကောက်ညှင်း ဆနွင်းမကင်း၊ မုန့်ကုလားမဲ (ဒိုဒိုး)၊ သီးစုံဂျယ်လီ ကျောက်ကျော၊ ရိုန်းဘိုဂျယ်လီ ကျောက်ကျော၊ ကိုးကိုနပ် ဂျယ်လီကျောက်ကျော၊ ပင်မွှား ဂျယ်လီ ကျောက်ကျော၊ အုန်းစိမ်းဂျယ်လီ ကျောက်ကျော၊ သာဂူလုံး (သုံးရောင်)၊ အုန်းနို့ဂျယ်လီ ကျောက်ကျော၊ ပင်မွှားဂျယ်လီ ကျောက်ကျော၊ နဂါးမောက်သီး ဂျယ်လီကျောက်ကျောများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

အဆိုပါ အမှတ်တံဆိပ်များအား ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ မရိုးမဖြောင့်သော သဘောအားဖြင့် ထင်ယောင်ထင်မှား ဖြစ်စေရန်ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ တုပကူးယူခြင်းများ နှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများ တွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**SHWE NAYAR COMPANY LIMITED ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ယဉ်ယဉ်မင်း** — **တရားလွှတ်တော်ရှေ့နေ** — **(စဉ်-၁၃၂၄၅)**

**ဒေါ်လှစန္ဒာသိမ့်** — **အထက်တန်းရှေ့နေ** — **(စဉ်-၄၅၁၉၂)**

အမှတ် ၂၄၄/၂၄၆၊ ပထမထပ်၊ ပင်လုံထိပ်ထားကွန်ဒို၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉၄၀၃၀၃၀၁၂၀

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ (အထက်တန်းပြ) ဒေါ်နီလာမင်း၏ ဖခင်အမည်မှန်မှာ ဦးဒီဂွန်(မ်)ဂျာ (ခ) ဦးဒီဂွမ်ဂျာ (ခ) ဦးဇော်မင်း [၁၂/ကမတ(နိုင်)၀၀၃၂၉၆]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်- ၄၁၊ နည်းဥပဒေ- ၁၄)**

**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၂၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်- ၁၂၀**

| အယူခံတရားလိုများ | | အယူခံတရားပြိုင်များ |
| --- | --- | --- |
| ၁။ ဦးစံခင်သောင်း | နှင့် | ၁။ ဦးစောဘဲလေ |
| ၂။ စမိုးအောင် | | ၂။ ဒေါ်အောင်လင်း |
| ၃။ ဒေါ်ခင်အေးလင်း | | ၃။ ဒေါ်ဒေးစီချို |
| ၄။ ဦးစံပိုလို | | ၄။ ဒေါ်ဖြူးထေ |
| ၅။ ဒေါ်လုံးခူ | | ၅။ ဒေါ်မာမာဦး |
| (အယူခံတရားလို (၁)မှ(၅)အထိ အခွင့်ရကိုယ်စားလှယ် ဦးပြုံးမောင်မောင်) | | ၆။ ဦးချစ်ရွှေလုံး |
| | | ၇။ ဒေါ်နန့်တင်သန်းကြည် |
| | | ၈။ ဒေါ်မူးစေးသာ |
| | | ၉။ ဒေါ်မြဇင် |
| | | ၁၀။ နန့်ဖောင်ခွမ်း |
| | | ၁၁။ ဒေါ်မေရီ |
| | | ၁၂။ ဦးသန်းထွန်း |
| | | ၁၃။ နန့်ရှုံ့ရှုံ့ |
| | | ၁၄။ မန်းတင်ဘိ |
| | | ၁၅။ ဦးဂိမ်းလ |
| | | ၁၆။ မောင်ခရိ |
| | | ၁၇။ (ဦးသူရဇော်၊ မသန္တာဦး၊ မနီလာမြသောင်း၊ မသီတာမြသောင်း) (ဒေါ်ဟယ်လင်၏တရားဝင် ကိုယ်စားလှယ်များ) |

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါ ပုသိမ်ခရိုင်တရားရုံး ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃ ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အထက်အမည်ပါ အမှုမှ အယူခံတရားပြိုင် (၁၀) နန့်ဖောင်ခွမ်း၊ နံ့သာပုကျေးရွာ၊ ငရုတ်ကောင်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ပုသိမ်ခရိုင်တရားရုံးတော်ကချမှတ်ပေးသည့် စီရင်ချက်နှင့်ဒီကရီကို ဦးစံခင်သောင်း ပါ-၅ (၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဦးပြုံးမောင်မောင်)က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤအယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၂ ရက်) နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်- ၄၁၊ နည်းဥပဒေ- ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ- ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်နွယ်ဝင်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**




## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ပြည့်ဖြိုးအောင် [၉/ပဘန (နိုင်) ၂၅၆၄၀၈]၏ ပတ်စ်ပို့နံပါတ် (MG- 368216)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၇၉၇၅၇၇၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ရတနာမွန် (၃)လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်-၂၀ (Shop House)၊ အခန်းအမှတ်(၀၀၁)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်သန်းမူ(ကွယ်လွန်) [၅/ကသန (နိုင်) ၀၀၅၆၃၉]၏ ခင်ပွန်းဖြစ်သူ ဦးတိုးမြင့် [၅/သကန (နိုင်) ၀၀၅၆၃၅]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြလျှောက်ထားလာခြင်းကို ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ပုဇွန်တောင် ဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၁၀၅)ကို ဌာနနှင့် အကျိုးတူဆောက်လုပ်သော မြန်မာ့အလှ ဆောက်လုပ်ရေးမှ ဦးလှအောင် (MGK-၀၅၀၅၃၃)က ဝယ်ယူခဲ့ပြီး ၎င်းထံမှ စပ်ဆက်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ခိုင်နွယ်ဝင်း [၁၂/ပဇတ(ပြု)၀၀၀၂၁၂]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်- ၂၈၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၈၊ အောင်ရိပ်သာ- ၃ လမ်း၊ မြေကွက်အမှတ်- ၂၁ ရှိ မြေကွက်၏ နှစ်(၆၀)မြေငှားဂရန်တွင် ဒေါ်ဇင်ယုထွေး [၁၂/မရက (နိုင်)၁၃၉၁၈၁] အမည်ပေါက်ထွက်ရှိထားသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက်အိမ်အား ဒေါ်ဇင်ယုထွေး၏ ခွင့်ပြုချက်တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုမြတ်လှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁၉/၂၀၂၁)**
**တိုက်-၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၆၅၇၈၄၆၈၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၂၊ မြေကွက်အမှတ်- ၆၇၊ အကျယ်အဝန်း (၀.၀၅၅)ဧကရှိ ဒေါ်စီစီမြင့် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်စီစီမြင့် (WKA- ၀၀၅၁၀၅) [၁၂/သကတ(နိုင်) ၀၈၂၅၁၆]မှ မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေတို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဥမ္မာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)**
**ဖုန်း- ၀၉-၂၅၀၅၁၆၉၈၀**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ မောက်ကွမ်လမ်း၊ လားရှိုးကြီးကောင်းခါး၊ နယ်မြေ(၃)နေ ဦးဝင်းရှိန် [၁၃/လရန(နိုင်) ၀၆၆၀၆၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏ အမှုသည်ဖြစ်သော ဦးဝင်းရှိန်၏ သားအကြီးဖြစ်သူ ဦးခွန်ဟောင်း [၁၃/လရန(နိုင်)၁၁၂၂၂၀]သည် ဖခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ဖခင်နှင့် အတိုက်အခံကိစ္စရပ်များကိုဆောင်ရွက်ကာ ဖခင်အား စိတ်ဆင်းရဲအောင် ပြောဆိုဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ဦးခွန်ဟောင်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲပွင့်ဖြူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၈၆)**
**အမှတ်(၄၃၅)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။**

## ဒေါ်ခင်စိုးရီ [၁၂/သကတ(နိုင်)၀၃၂၅၃၁] (ယခုနေရပ်လိပ်စာမသိသူ) သိရှိနိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၂၀၇) တစ်နည်းအားဖြင့်ဆိုလျှင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၆)လမ်း၊ အမှတ်(၂၀၇) ဟုခေါ်တွင်သော (အလျား ၂၀ပေx အနံ ၆၀ပေ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေ အကျယ်အဝန်းရှိသည့် မြေနှင့် မြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်ဝယ်ယူလက်ရောက်ထားရှိသူ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်ထက်အောင် [၁၂/မဂတ(နိုင်) ၀၉၀၈၅၇]နှင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရန် (၃၁-၁-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပြီး ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၈၄၀၄ / ၂၀၁၆)**
**အမှတ်(၂၈)၊ ၆၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-420045703**

# ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ပွဲ

# ကုသိုလ်ပြုနိုင်ရေးနှိုးဆော်လွှာ



ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များမှ သဒ္ဓါတရားနည်းများမဆို ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်အတွက် ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအစီအစဉ်တွင် KBZ Pay မှလည်း QR Code ဖတ်၍ကုသိုလ်တော်ပါဝင်၍ လှူဒါန်းနိုင်ပါကြောင်းနိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော် အပ်ပါသည်။

KBZ Pay

ဒါနကုသိုလ်ပြုမယ်

ရွှေတိဂုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း

70349401001

Call Center : 3211 www.kbzpay.com


## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ တိုးချဲ့ကွက်သစ်၊ အေးသာယာရပ်ကွက်၊ ဗဟို (၂၈) လမ်းတွင် တည်ရှိသော မြေကွက် အမှတ် (L/၁၄၁) ဟုခေါ်တွင်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မူလမြေပိုင်ရှင် ဦးပေါ်သန်း (ဖန်ချက်စက်ရုံ)သို့ ချထားပေးသော မြေကွက်၊ မြေအကျယ် (အလျား ၆၀ ပေ x အနံ ၄၀ ပေ) အနက်မှ (ခေါင်းရင်းခြမ်း) မြေအကျယ် (အလျား ၆၀ ပေ x အနံ ၂၀ ပေ) ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့ကို လက်ရှိပိုင်ဆိုင်၍ အကျိုးခံစားလျက်ရှိသူ ဒေါ်နွယ်နွယ်အေး [၁၁/ရသတ (နိုင်)၀၃၄၂၈၄] ထံသို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေဆန်းလှိုင် [၅/ရဘန(နိုင်) ၂၂၆၉၂၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက် လိုပါက မြေကွက်နှင့် အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက် စာတမ်းအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်နေ့ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေဆန်းလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးခင်မောင်ထွန်း (LL.B)** | **ဒေါ်သူဇာခိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် – ၁၈၇၄၄)** | **(စဉ် – ၉၇၈၁)** |

**အမှတ် (၂၈၉)၊ စပ်စံထွန်းလမ်း၊ အောင်ချမ်းသာ (၁)ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း – ၀၉–၇၉၅၅၂၅၀၂၁၊ ၀၉–၇၇၅၆၉၉၅၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄–C)၊ ကျားကွက်သစ်ရပ်ကွက်၊ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ မြေကွက်အမှတ် (၂၂၀)၊ အိမ်အမှတ် (၄၅)ဟုခေါ်တွင်ပြီး အကျယ်အဝန်း (အလျား ၂၅ ပေ x အနံ ၅၅ ပေ) ရှိသည့် နှစ်(၆၀)မြေငှားဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁)ခန်းတွဲ၊ (၆)ထပ်တိုက်၏ (၃)လွှာ၊ ဒုတိယထပ် အကျယ်အဝန်း (၂၃ ပေ x ၅၃ ပေ) ရှိ ရေမီး အစုံ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်း များ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုအပိုင်ရောင်းချသူများဖြစ် ကြသော **ဦးဇော်မိုးထွန်း [၁၁/စတန(နိုင်)၀၅၂၄၇၂] နှင့် ဒေါ်မြအေးငြိမ်း [၁၁/စတန (နိုင်)၀၄၄၈၁၆]** တို့မှ တရားဝင်အဆက်ဆက် ရောင်းဝယ်စာချုပ်များနှင့် ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့မှ ရောင်းချပိုင်ခွင့်ရှိသည့် တိုက်ခန်းဖြစ်ကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံလျက်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ် အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်း များနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မို့မို့မြတ်အောင်** | **ဒေါ်မြတ်ဆုထွန်း (စဉ်–၄၉၀၄၆)** |
| **[၁၂/ဥကမ(နိုင်)၂၁၃၉၃၃]** | **အထက်တန်းရှေ့နေ** |

**အမှတ် (၈၈၂)၊ သန္တာလမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၉၅၆၂၉၀၁၅၊ ၀၉–၂၅၃၅၇၅၀၇၇**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးလှမျိုးသန်း၏သား မောင်မင်းသာထက်[၁၄/မမက(နိုင်) ၁၈၀၃၈၅] ၏ သင်္ဘောသားမှတ်ပုံတင်အမှတ် CDC–80339 ၏ ပင်လယ် လုပ်သက် မှတ်တမ်းအမှတ် (16408) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၃၁၉၁၉၉၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်–(၁၄/၁)၊ မြေကွက်အမှတ်–၄၇/၁၊ ဧရိယာ (၀.၀၄၀) ဧကရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက်၊ ၄–လမ်း၊ အမှတ်–၄၇/၁ ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အမှတ်–၆၉၉၃/၂၀၂၂ အရ တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးဇေယျအောင်ကျော် [၅/ရဘန (နိုင်)၀၆၅၂၄၃] + ၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ကတိစာချုပ်ပြုလုပ် ခဲ့ပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံ တစ်ရာ အကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလိမ္မော် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၄၃၁၄)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၆၉၂၂၉၉၅၆၃၊ ၀၉–၄၂၈၆၃၀၇၀၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ခေါင်ရမ်းလမ်း၊ တိုက်အမှတ်(၆)၊ (၆)လွှာ၊ ခြေရင်းခြမ်းဟုခေါ်တွင် သည့် ဧရိယာ (၁၅'x၆၅')အကျယ်အဝန်းရှိ ရေမီးအစုံတိုက်ခန်းနှင့် တကွ စွဲကပ်တပ်ဆင်ထားသောပစ္စည်းများနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ဒေါ်ငုဝါစိုး[၁၂/စခန(နိုင်)၀၆၃၇၂၆]ထံမှ ကိုကျော်မျိုးအောင်[၁၂/ ဗတထ(နိုင်)၀၃၈၇၅၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြု ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကိုကျော်မျိုးအောင်**
**[၁၂/ဗတထ(နိုင်)၀၃၈၇၅၂]**
**ဖုန်း–၀၉–၄၂၄၅၉၈၈၄၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂/အ–၄၃၊ မြေကွက်အမှတ် (၂၂)၊ မြေဧရိယာ (၀.၀၆၉) ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း (၂၅ ပေ x ၆၀ ပေ)၊ မြေပိုင်မြေဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သာယာအေးလမ်း၊ အမှတ် (၂၂/က) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ပထမထပ် (ဘယ်+ညာ) ဟုခေါ်တွင်သော တိုက်ခန်း(၂)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာအောင် [၁၂/မရက(နိုင်)၀၉၀၃၈၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့် တိုက်ခန်း(၂)ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြေညာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့် တိုက်ခန်း (၂)ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်–၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၀/တိုးချဲ့) ရပ်ကွက်၊ အနော်ရထာအိမ်ရာ၊ တိုက် အမှတ်(၄)၊ ဒုတိယထပ်၊ အခန်းအမှတ်(၂၀၁)၊ အကျယ်အဝန်း (၁၂၂၁) စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ် တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြုသူ ဦးဖြိုးသူရစိုး [၁၂/ကမတ(နိုင်)၀၆၁၉၅၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီး အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက် ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်–၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု ၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်၊ ကွင်းအမှတ်–၉၈၇၊ ဇုန်အမှတ်–(၂)၊ C–12(M5–M6)လမ်း၊ မြေကွက်အမှတ်–၂၆၈၊ ဧရိယာ–(၅)ဧက၊ (၁)ယူနစ်ဟုခေါ်တွင်သော စိုက်ပျိုးမွေးမြူရေးအထူးဇုန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လုပ်ကိုင်ခွင့်ရရှိသူ ဦးညို [၁၃/လလန(နိုင်၀၄၃၀၆၅]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေ အနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)** | **ဦးဟန်လင်းအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၈)** | **အထက်တန်းရှေ့နေ (စဉ်– ၅၆၆၆၈)** |

**အမှတ်–၇၅၁(ပ–ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း–၀၉–၈၈၆၆၉၅၉၆၆၊ ၀၉–၄၂၄၁၆၈၉၈၉၊ ၀၉–၉၇၂၁၂၈၂၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ မြေတိုင်း-သကမ/၃ ရပ်ကွက် / (၁၁)ရပ်ကွက်၊ဘုရင့်လမ်း၊မြေကွက်အမှတ် - ၃၅၅၊ **ဒေါ်နန်းသီတာစမ်း**(၃/ဘအန(နိုင်)၁၇၁၇၃၈) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၊မြေအကျယ်အဝန်း(၄၀ × ၆၀)ပေ၊ ဧရိယာ (၀.၀၅၅၁ဧက)ရှိ မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အဆောက်အဦအား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်နန်းသီတာစမ်း**(၃/ဘအန(နိုင်)၁၇၁၇၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏စရန်ငွေအားပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်နော်စေးရာလ်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၄၈၉၆၂)**

**အမှတ်(၉၆)၊ မေယု(၃)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉-၄၀၈၈၇၅၆၀၈၉။**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ၏မိခင်ဖြစ်သူ ဒေါ်ခင်ကြည်နှင့် ဦးကျော်နိုင် [၁၂/ကခက (နိုင်)၀၀၅၅၂၆] အမှတ်(၂၃)၊ ၃-လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် နေထိုင်သူတို့သည် နှစ်ဦးသဘောတူ မြေရှင်နှင့် ကန်ထရိုက်စာချုပ်အား ၂၀၁၃ ခုနှစ်၊ မတ်လ ကတည်းက ချုပ်ဆိုခဲ့ပြီး ယနေ့တိုင်အထိ လာရောက်ဆောက်လုပ်ခြင်းမရှိခဲ့သဖြင့် ယခုကြေညာစာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ညှိနှိုင်းစေချင်ပါသည်။ သတ်မှတ်သည့် ရက်ပေါင်း(၃၀)အတွင်း ဆက်သွယ်ခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အခြားကန်ထရိုက်နှင့် ဆက်လက်ဆောက်လုပ်တော့မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်စုဝင်း(LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၄၅၇၃၁)**

**ဖုန်း-၀၉-၉၆၃၈၂၂၃၁၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း အိမ်ရာ၊ တိုက်အမှတ် (၁၀၁/၁၀၃)၊ အခန်းအမှတ် (၁၀၃) (၇-လွှာ)၊ (လက်ဝဲဘက်ခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)တွင် ဦးမောင်ရွှေ [၁၂/ကတတ (နိုင်) ၀၂၄၂၂၂] ကိုင်ဆောင်သူနှင့် ဇနီးဖြစ်သူ ဒေါ်အညို [၁၂/ကတတ (နိုင်)၀၀၆၇၉၈] ကိုင်ဆောင်သူတို့က အမည်ပေါက်ဖြင့် တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ခံလျက် ရောင်းချရန် အဆိုပြု ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကိုကိုဦး [၁၂/ဒလန (နိုင်)၀၆၄၇၇၈] ကိုင်ဆောင်သူက လည်း အပြီးအပိုင်ဝယ်ယူရန်အတွက် သဘောတူညီပြီး တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခိုင်ခိုင်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၈၆/၂၀၁၇)**

**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၀၄၂၄၄၅၊ ၀၉-၇၈၀၁၆၂၂၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လူနေရပ်ကွက်အမှတ်- ပတ္တမြား (ရွှေနံ့သာစံပြ)၊ (၈)လမ်း၊ အမှတ် (၃၁၉) ဟုခေါ်တွင်သည့် အကျယ်အဝန်း(အလျား ၈၀ ပေ x အနံ ၆၅ ပေ) အနက်မှ မခွဲစိတ်ရသေးသည့် ခြေရင်းဘက်အခြမ်း အကျယ် အဝန်း(အလျား ၂၀ ပေxအနံ ၆၅ ပေ)ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက် ဦးသန်းနိုင် [၁၂/လကန(နိုင်)၁၂၇၁၄၁]( HGU-၁၀၄၂၇၄) ထံမှ ဒေါ်သန်းသန်းလှ [၁၂/မဂဒ(နိုင်)၀၆၆၅၀၃]က အဆက်ဆက်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ထားရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လက်ဝယ်ရှိကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူပါသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား (မူရင်း)တို့နှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကြည်သာဦး LL.B**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၈၄/၂၀၂၁)**

**အမှတ်-၁၉၊ ရှော်ဖီအိမ်ရာ၊ ဗဟိုလမ်းမ၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - 09-404167700,09-887587889**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဓမ္မာသီရိလမ်း၊ အမှတ်(၅)ဟုခေါ်တွင်သည့် မြေကွက်ပေါ်ရှိ (၄)ခန်းတွဲ(၃)ထပ်၊ (၆-လွှာ)အဆောက်အဦ၏ တိုက်မှမျက်နှာမူလျှင် ဒုတိယခန်း၊မြေညီထပ်၊ (အလျား၁၅ ပေxအနံ ၅၅ပေ)အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မြမြလွင်[၁၂/ကမရ(နိုင်)၀၂၀၆၇၉] မှ (၂၄-၄-၂၀၀၂) ရက်စွဲပါ အမွေစား အမွေခံမေတ္တာဖြင့် ပေးကမ်းခြင်း စာချုပ်အရ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/င^က)၊ ဉာဏရပ်ကွက်၊ မဥ္ဇူလမ်းနှင့် ကာယ (၃) လမ်းထောင့်၊ မြေကွက်အမှတ် (၂/၅၃) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှကျော်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း ( ၉၉/၉၇ x ၂၁၂/၂၂၅ ) ပေ၊ ဧရိယာ(၀.၄၉၁၅)ဧက၊ (၂၁၄၁၃) စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးလှကျော် [၁၂/မဂဒ(နိုင်)၀၈၉၁၃၉] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးစည်သူထွန်း [၉/အမဇ(နိုင်)၀၂၅၂၆၉] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစည်သူထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**

**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူမည့်တိုက်ခန်းအား ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၈/U9)ရပ်ကွက်၊ အေးချမ်းသာယာလမ်း၊ အမှတ်-၁၂၄၊ မြေအကျယ်အဝန်း (၀.၁၂၀)ဧကရှိ မြေပေါ်တွင် ဆောက်လုပ်ဆဲ (၃)ခန်းတွဲ (၈)ထပ်တိုက်၏ ကန်ထရိုက်တာဘက်မှ ရရှိ အကျိုးခံစားပိုင်ခွင့်ရှိသည့် အခန်း(၁)ခန်း၊ အကျယ်(၁၁၃၄)စတုရန်းပေရှိ (တိုက်ခန်းမျက်နှာမူဘယ်ဘက်) တိုက်ခန်းအမှတ် A-3 (၃)ထပ် (ဘယ်ဘက်ခြမ်း)ကို (Nature Home Makers Construction Co. Ltd) မှ ရောင်းချပိုင်ခွင့်ရှိသည့် အခန်းဖြစ်သည်ဟု ဝန်ခံပြောဆိုသူ ကုမ္ပဏီ၏ ဒါရိုက်တာ ဦးမင်းကျော်သူ [၇/သကန (နိုင်)၀၈၃၃၂၀] ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးချမ်းမင်းနိုင်+၁ က ကြိုပွိုင့်စနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ထားသည့် အရစ်ကျငွေများကို ထပ်မံပေးချေ၍ ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ချို (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၁၃)**

**အမှတ်- ၂၄၆၊ (၅)လမ်း၊ (၁/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၀၅၂၁၄၇၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ ရွှေတချောင်းလမ်းနေ ဦးဆန်းထွန်း (၇/လပတ (နိုင်) ၀၃၀၂၆၉)၊ ဒေါ်တင်မိမိဦး (၇/ပမန (နိုင်) ၀၇၀၆၅၃)တို့၏ သားဖြစ်သူ **မောင်ကောင်းမြတ်ဆုထွန်း (၇/ပမန (နိုင်) ၂၁၂၉၃၇)**သည် မိဘ၏ဆိုဆုံးမမှုအား နာခံခြင်းမပြုဘဲ မိဘနှစ်ပါးကို ကိုယ်စိတ်ဆင်းရဲအောင် ပြုလုပ်၍ (၁၆-၁-၂၀၂၅)ရက်နေ့တွင် ၎င်း၏သဘောအလျောက် နေအိမ်မှ ထွက်ခွာသွားသဖြင့် ထိုနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်စပ်လျဉ်းသမျှကိစ္စအဝဝသည် မိဘနှစ်ပါးနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဆန်းထွန်း၊ ဒေါ်တင်မိမိဦး၏လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဦးသိန်းနိုင် (LL.B)** | **ဒေါ်စံပယ် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၁၇/၂၀၁၀) | တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၆၆၃/၂၀၁၈) |
| အမှတ် (၁၀၈)၊ ဝါးတောရွာ၊ | အမှတ် (၁၃၄)၊ မင်္ဂလာဦးရပ်၊ |
| ရွှေတောင်မြို့နယ်။ | ပြည်မြို့။ |
| ဖုန်း - ၀၉ ၄၂၃၆၉၂၂၈၈ | ဖုန်း - ၀၉ ၄၂၃၇၀၅၈၇၀ |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၂၄)၊ လူနေရပ်ကွက် အမှတ် ( - )၊ မြေကွက်အမှတ် (၇၂၅)၊ အကျယ်အဝန်း - အလျား (၄၀) ပေ (၆) လက်မ x အနံ (၆၀)ပေရှိ နှစ် (၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် (၇၂၅)၊ မြရတနာ(၅)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နှစ် (၆၀) ဂရန်စာချုပ်တွင် အမည်ပေါက်လျက်တည်ရှိသော ဦးတင်ဦး [၁၂/တမန(နိုင်)၀၃၇၅၇၄] သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်အနိစ္စ ရောက်ပြီးနောက် ၎င်း၏မောင်နှမများက အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ကြပြီး၊ မောင်နှမများ ဖြစ်ကြသည့် ဒေါ်မြတ်မြတ်သွင် ပါ (၅) ဦးထံမှ (၁၆-၅-၂၀၂၁) ရက်နေ့စွဲပါ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်လျက်ရှိသူများဖြစ်ကြသည့် ဦးမြင့်ဝင်း [၁၂/ခရန(နိုင်)၀၄၃၉၂၆]နှင့် ဇနီးဖြစ်သူ ဒေါ်ယုမြတ်လှိုင် [၁၄/အမန(နိုင်)၀၉၂၇၇၁] ကိုင်ဆောင်သူများထံမှ ယင်းမြေကွက်၏ မျက်နှာမူရာဝဲဘက်အခြမ်း (ခြေရင်းဘက်ခြမ်း) အစိတ်အပိုင်းဖြစ်သော အကျယ်အဝန်း -အလျား (၂၀) ပေ x အနံ (၆၀) ပေရှိ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၇၂၅/ခ)၊ မြရတနာ(၅) လမ်း၊ (၂၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဟုခေါ်တွင်သည့် အိမ်ငယ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေများက တရားဝင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသည့် မည်သူမဆို ယခုကြော်ငြာစာပါရှိသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုတရားဝင် အထောက်အထား စာရွက်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့် ကာလကျော်လွန်သည့်တိုင်အောင် ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်ကိစ္စအား တရားဝင် စာချုပ် ချုပ်ဆိုနိုင်သည်အထိ ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအေးဟန် B.A (Law), LL.B, D.B.L, D.M.L, D.I.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၄၆/၈၈)**

**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၅/စီ)၊ ဒုတိယထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၃၂၉၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/ဆင်ဖြူရှင်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်မောင်ဝင်း (ကိုယ်ပိုင်အမှတ်-၃၆၉၁၆၀)၊ မှတ်ပုံတင်အမှတ်[၁၂/ဒဂန(နိုင်)၀၀၄၆၄၈]၊ အဖအမည် ဦးတင်မြင့် အမည်ပေါက် ပါမစ်မြေကွက် အမှတ်-ပစ(င)၁၉၉၂၊ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်စိုးကြည် (ခ) စောကြည်၊ မှတ်ပုံတင်အမှတ်[၁၂/ဒဂန(နိုင်)၀၀၂၇၄၉]၊ အဖအမည် ဦးလှတင့်မှ တရားဝင် အမွေခံဇနီးဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်မောင်ဝင်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**

**မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေး**

**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ထူပါရုံ ( ၆ ) လမ်း ၊ ၁/ထူပါရုံ ရပ်ကွက်၊ အမှတ် - ၁၀၂၅ /က၊ ( ၁၈ x ၅၄ )ပေ အကျယ်အဝန်းရှိသော (ပထမ) ထပ် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ချိုမာစိုး [၁၂/ ဥကမ(နိုင်) ၁၉၁၅၉၆] ကိုင်ဆောင်သူမှမိမိတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ဇေယျာထွန်း [၇/ကပန(နိုင်)၁၂၇၇၄၂]၊ ဒေါ်လှလှမိုး [၁၂/မရက(နိုင်)၁၅၈၆၆၀] ကိုင်ဆောင်သူတို့မှ ဝယ်ယူရန်သဘောတူညီသောကြောင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်သော ဦးကျော်ဇေယျာထွန်း ၊ ဒေါ်လှလှမိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သင်းသင်းထက်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၈၅)**

**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/F)၊ ပထမထပ်၊ (၃၅)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ယသသဝတီလမ်း၊ အမှတ် (၄၀၁) ဟုခေါ်တွင်သည့်မြေပေါ်တွင် တည်ဆောက်သည့် (၆)ထပ်တိုက်၏ (တတိယထပ်/၄-လွှာ) ခေါင်းရင်းဘက်ခြမ်း ( ၁၇ ပေ x ၅၄ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ သက်ဆိုင်သူများရှိပါက ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်တွင် ဖော်ပြထားသည့် တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ တရားဝင်ပိုင်ဆိုင်ထားပြီး၊ တရားဝင်ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ **ဒေါ်ချောစုလှိုင် [၁၂/သဃက (နိုင်)၀၃၉၅၇၄]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၅ ) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်သည့် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စမ်းမိကို ( LL.M )** | **ဦးမင်းဟိန်း ( LL.B, D.P.M )** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၅၆၀၆)** | **(စဉ်-၁၆၁၃၉)** |

**အမှတ်-၁၆၉၊ ရတနာဒီပလမ်း၊ (ဆ/က) ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၃၂၁၀၀၆၊ ၀၉-၈၉၇၀၁၁၁၅၀**

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ (ခ) ရပ်ကွက်၊ သုခလမ်း၊ သုခရိပ်မွန်ကွန်ဒိုဟုခေါ်တွင်သော တိုက်အမှတ် (၄)၊ (၇) ထပ်တိုက်၏ ပထမထပ်၊ အခန်းအမှတ် (၁/ဒီ)၊ အကျယ်အဝန်း အလျား ၂၇ ပေ x အနံ ၄၁ ပေခန့်ရှိ (ကိုယ်ပိုင်ကားပါကင်နှင့် ဓာတ်လှေကားအပါအဝင်)တိုက်ခန်းနှင့် တွယ်ကပ်တပ်ဆင်ထားသည်များ အပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ **ဦးဇော်မင်း [၁၂/ပဇတ(နိုင်)၀၀၀၄၅၃]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးကျော်ဇေယျာထွန်း** | **ဒေါ်အိမွန်ကျော်** | **ဒေါ်မေနှင်းဖြူ** |
| **(စဉ်-၅၅၈၆၉)** | **(စဉ်-၅၅၇၉၇)** | **(စဉ်-၅၅၈၃၉)** | **(စဉ်-၅၆၅၁၇)** |
| **(အထက်တန်းရှေ့နေ)** | **(အထက်တန်းရှေ့နေ)** | **(အထက်တန်းရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**တိုက်အမှတ် (၂၄၇)၊ မြေညီထပ်၊ တပင်ရွှေထီးလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

**ဖုန်း- ၀၉-၄၅၅၁၀၀၈၆၃၊ ၀၉-၄၂၈၀၄၃၇၃၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ ဗားကရာတောရလမ်း၊ အမှတ် (၈)ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ ဓာတ်လှေကားပါ (၆) ထပ်တိုက်၏ ပထမထပ် (၂-လွှာ)၊ (လက်ဝဲဘက်အခန်း)၊ အကျယ်အဝန်း (၁၅ x ၆၀ )ပေရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရာတွင် မြေပိုင်ရှင် ဒေါ်နွယ်နီဝင်းမှ အရပ်ကတိစာချုပ်ဖြင့် ရောင်းချထား၍ ယခုလက်ရှိပိုင်ရှင် ဦးမင်းကျော်သူ [၁၂/သကတ(နိုင်) ၁၇၄၈၂၄] ထံမှ (၂၃-၁-၂၀၂၅) နေ့စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဒေါ်စမ်းသီတာ [၁၂/ဥကမ(နိုင်)၀၈၉၁၁၀] နှင့် ဦးတင်ထွန်းအောင် [၁၂/စခန (နိုင်)၀၀၁၃၆၈] တို့မှ တရားဝင်နည်းလမ်းတကျ အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေများဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါ တိုက်ခန်းအား မည်သူမဆို နှောင့်ယှက်ဟန့်တားခြင်း ပြုလုပ်ခဲ့မည်ဆိုပါက တရားဥပဒေနည်းလမ်းရှိသမျှ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊အမှတ်(၆)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆) ထပ်တိုက်၏ ဒုတိယထပ်၊ (၃-လွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ x ၅၀) ပေခန့်ရှိ RC တိုက်ခန်း (တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ၊ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဌေးယဉ်ဝင်း [၈/မကန(နိုင်)၁၂၃၉၇၇] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ရှိမ္ဗကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၃၂၇ ဧက တည်ထောင်



နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ၃၂၇ ဧကကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အတွက် "**ရှိမ္ဗကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**" အဖြစ် အမိန့်ကြော်ငြာစာအမှတ် ( ၁၂ /၂၀၂၅) အရ ၁၃၈၆ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက် (၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်) မှစတင်သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ရှိမ္ဗကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် စစ်ကိုင်းတိုင်းဒေသကြီး

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○

## ONE-170 ပြိုင်ပွဲတွင် သန့်ဇင် ဒုတိယအချီတွင် ရှုံးနိမ့်

ရန်ကုန် ဇန်နဝါရီ ၂၄

ONE–170 ပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက် ညပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာ သန့်ဇင် ဒုတိယအချီတွင် ရှုံးနိမ့်ခဲ့သည်။

မြန်မာလူငယ်ဖိုက်တာ သန့်ဇင်သည် ထိုင်းဖိုက်တာ ဆူရီရန်လက်ခ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဒုတိယအချီ ၂ မိနစ် ၉ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာလူငယ်ဖိုက်တာ သန့်ဇင်သည် နောက်ဆုံးထိုးသတ်သည့်ပွဲတွင် အရေးနိမ့်ထားသဖြင့် ယခုပွဲတွင် အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း သမ္ဘာနှင့် နည်းဗျူဟာ ကွာဟမှုကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ပထမအချီတွင် သန့်ဇင်သည် ဆူရီရန်လက်ခ်ကို အပြန်အလှန်ထိုးသတ်နိုင်သလို အနည်းငယ်ပင် အသာရခဲ့သည်။ သို့သော် ဒုတိယအချီတွင် ဆူရီရန်လက်ခ်က နည်းဗျူဟာပိုင်းပြောင်းလဲကာ လက်သီးချင်းဆိုင်ထိုးရာ သန့်ဇင်အထိနာခဲ့ပြီး နှစ်ကြိမ်တိုင် အမှတ်စဉ်ရေတွက်ခံရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**


**သာယာပျော်ရွှင်ဖွယ် ဘဝခရီးလမ်း လျှောက်လှမ်းနိုင်ဖို့ဆိုရာဝယ်**

ဆောင်းပါး စာမျက်နှာ » ၆

**နေပြည်တော်၌ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ်မြောက် ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲ ကျင်းပမည်**

စာမျက်နှာ » ၁၁

**တရုတ်နှစ်သစ်ကူးအကြို Chinese New Year Mandalar Expo ဈေးရောင်းပွဲတော် ကျင်းပ**

စာမျက်နှာ » ၁၅


# ရိန်းဂျားစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး မန်ယူအသင်း ယူရိုပါလိဂ် အဆင့်(၄)နေရာတက်လှမ်း

မန်ယူအသင်းနဲ့ ရိန်းဂျားစ်အသင်းတို့ ဇန်နဝါရီ ၂၄ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ်ပွဲစဉ်မှာ မန်ယူအသင်းက ရိန်းဂျားစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် (၄) နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၅၂ မိနစ်မှာ ဘက်တလန်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုး၊ သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ရိန်းဂျားစ်အသင်းကတော့ ဒုတိယပိုင်းပွဲကစားချိန် ၈၈ မိနစ်မှာ ဒက်ဆာရဲ့ သွင်းဂိုးနဲ့ ချေပဂိုး ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာ ဘိုဒိုအသင်းက မက်ကာဘီတီအေအသင်းကို သုံးဂိုး–တစ်ဂိုး၊ စပါးအသင်းက ဟော်ဖန်ဟိမ်းအသင်းကို သုံးဂိုး–နှစ်ဂိုး၊ တွမ်တီးအသင်းက မယ်လ်မိုအသင်းကို သုံးဂိုး–နှစ်ဂိုး၊

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ■



ရိန်းဂျားစ်အသင်းကို အနိုင်ရရှိပြီး မန်ယူကစားသမားများ အောင်ပွဲခံနေစဉ်။